# ဂျိန်းဖော့တိုင်းရင်းသားတို့၏ လက်ထပ်မင်္ဂလာပွဲ

ဂျိန်းဖော့တိုင်းရင်းသားတို့၏ ထိမ်းမြားမင်္ဂလာ လက်ထပ်ပွဲသည် ထူးခြားသောရိုးရာယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ မင်္ဂလာလက်ထပ်ပွဲအစမှအဆုံးအထိ အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ရသောအဆင့်များမှာ များပြားလှ သည်။ ထို့ကြောင့် ဂျိန်းဖော့တိုင်းရင်းသားတို့ မင်္ဂလာဆောင် မည်ဆိုပါက မင်္ဂလာလက်ထပ်ပွဲကို ကောင်းမွန်စွာ အတွေ့အကြုံရှိသော "ဆလန်ဝါ"များက ဦးဆောင်၍လုပ်ကြ ရပါသည်။

မင်္ဂလာပွဲကျင်းပရန်အတွက် သတို့သားနေအိမ် အနောက်ဘက် တံစက်မြိတ် အပြင်ဘက်နားတွင် "ခုန်ရန်အူဒန်"ခေါ် မင်္ဂလာယဇ်တိုင်တစ်တိုင်နှင့် "ကွမ်းဘာ" ခေါ် ကိုင်းပင်များကို တန်းစီစိုက်ထားရလေသည်။ ထို့ပြင် ဆီ၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အရက်၊ ခေါင်ရည်၊ ကစော် ဖက်ရွက်၊ ခြင်းကျား၊ ဝါးကျည်တောက်နှင့် မင်္ဂလာမဏ္ဍပ် အစရှိသော လိုအပ်ဖွယ်ရာများကို လုံလုံလောက်လောက် ရှာဖွေစုဆောင်း ထားရလေသည်။

မင်္ဂလာနေ့ရက်ရောက်သောအခါ သတို့သမီးခေါ်ရန် အတွက် ကဆာနှစ်ဦးနှင့်အတူ ပေးရန်ရှိသော လက်ဆောင် ခန်းဝင်ပစ္စည်းများကို တစ်ပါတည်းယူဆောင်ပြီး တစ်ရက် ကြိုတင်သွားရသည်။ သတို့သမီးမိခင်အတွက်လည်း သမီး ကိုယ်စား အလွမ်းပြေကြည့်ရန် သန္တာပုတီးတစ်ကုံးကိုလည်း

ယူဆောင်သွားရလေသည်။ သတို့သမီးအိမ်၌ သတို့သမီး မိဘများသည် ရပ်ရွာလူထုကို ဖိတ်ခေါ်၍ သတို့သမီး အတွက် ဆုမွန်ကောင်း တောင်းပေးကြရလေသည်။ ဤဆုတောင်းပွဲကို "နှမ်ရှူယူရှားပွဲ" "နှမ်ရှုဘွန်ရှား" ဟုခေါ် လေသည်။

ငင်းဆုတောင်းပွဲတွင် သတို့သမီးကို လိုက်လံပို့ဆောင် မည့် "နှမ်ဆာ" ခေါ် ပုဂ္ဂိုလ်အချို့ကို ရပ်ရွာလူထုထဲမှ ရွေးချယ်ရသည်။ ထိုပုဂ္ဂိုလ်များထဲတွင် ယဉ်ကျေးမှုကို ကောင်းစွာနားလည်သော အမျိုးသားခေါင်းဆောင် တစ်ဦးနှင့် အမျိုးသမီးခေါင်းဆောင်တစ်ဦး ရွေးချယ်ရသည်။ ထို့အပြင် "ငါးထောင့်ဆလန်"ခေါ် အမျိုးသားတစ်ဦးနှင့် "လစ်ဂွန်" ခေါ် အမျိုးသမီးတစ်ဦးကိုလည်း ရွေးချယ်ရလေသည်။

ငါးထောင့်ဆလန် ရွေးရာတွင် နတ်ဟောဆရာက သင့်တော်သူကို ရွေးချယ်ပေးရသည်။ ငင်း၏တာဝန်မှာ ယောက္ခမဘက်မှ ပေးလိုက်ရသောကျွဲကို မင်္ဂလာယဇ် တိုင်၌ ချည်ပြီးအသင့်ဆောင်လာသော ဓါးမဖြင့် ခုတ်ရန် ဖြစ်သည်။ ငါးထောင့်ဆလန်က မင်္ဂလာယဇ်ကောင်ကို မခုတ်မီ သတို့သမီး သို့မဟုတ် သတို့သမီး၏ကိုယ်ရံတော် အမျိုးသမီးတစ်ဦးဦးက မင်္ဂလာယဇ်ကောင်ကို လည်ပင်းပေါ်၌ ရေစင်ပက်ဖျန်းပေးရသည်။ အဆိုပါ အမျိုးသမီးတစ်ဦးဦးက မင်္ဂလာယဇ်ကောင်ကို တစ်ချက်ခုတ်၍ မပြတ်လျှင် ယောက္ခမ

ဘက်မှသမက်ကို "မခုတ်ဓါး" တစ်ချောင်းပေးရ၍ နှစ်ချက်ခုတ်၍ မပြတ်လျှင် မခုတ်ဓါးနှစ်ချောင်း အစရှိသည်ဖြင့် ခုတ်သော အချက်ပေါင်းပေါ်မူတည်၍ မခုတ်ဓါးကို ပေးဆောင်ရသည်။ မင်္ဂလာယဇ်ကောင်ကို ခုတ်သတ်ပြီးသောအခါ ဓါး၌ပေစွန်းသော သွေးကိုကြည့်၍ အတိတ်နမိတ်ကောင်းမကောင်း ကောက်ယူရန် ဓါးကိုအိမ်ရှင်များထံ အပ်နှံရလေသည်။ လစ်ဂွန်အမျိုးသမီး၏ တာဝန်မှာသမက်ဘက်မှ ယောက္ခမဘက်သို့ ပေးလိုက်သော လက်ဆောင်ပစ္စည်းများကို သယ်ပိုးပေးရန်ဖြစ်ပါသည်။

ထိုညနေတွင် သတို့သမီးအိမ်၌ နတ်ကိုယစ်ပူဇော်သည့် အခမ်းအနားကျင်းပသည်။ ဆွေမျိုးများအပြင် မိတ်သင်္ဂဟများပါ လာရောက်ကြ၍ ဧည့်ပရိတ်သတ်များ စည်ကားလှပါသည်။ ကြွရောက်လာသော ဧည့်ပရိတ်သတ်များကို ထမင်း၊ ဟင်း၊ အရက်၊ ခေါင်ရည်တို့ဖြင့် သတို့သမီးဘက်မှ ဧည့်ခံကျွေးမွေးရသည်။ သတို့သမီး၏ ဦးကြီး၊ ဘကြီးစသောဆွေမျိုးများက မင်္ဂလာလက်ဆောင်အတွက် လက်ဖွဲ့ပစ္စည်းများ လာရောက်ပို့ဆောင် ကြလေသည်။ လက်ဖွဲ့ရသောပစ္စည်းနှင့် လက်ဖွဲ့သူအမည်များကို ခွဲခြားသတ်မှတ်ရသည်။ ဂျိန်းဖော့တို့၏ ဓလေ့ထုံးစံအရ သတို့သမီးဘက်မှ လက်ဖွဲ့သူများအား သတို့သားဘက်မှ လက်ဆောင် ပြန်ပေးရစမြဲဖြစ်လေရာ ပြန်အမ်းသော

လက်ဆောင်ပစ္စည်းများမှာမူ လက်ဖွဲ့တန်ဖိုးထက် မလို စေရ၊ ပိုလျှင်သာပိုစေရမည်။ ထို့ကြောင့် သတို့သမီးဘက်မှ နွားတစ်ကောင်လက်ဖွဲ့လျှင် သတို့သားဘက်မှ ကျွဲတစ်ကောင် လက်ဆောင်ပြန်ပေးရသည်။ ဖိုခနောက် တစ်လုံးဆိုလျှင် မောင်းတစ်လုံး၊ ဝက်တစ်ကောင်ဆိုလျှင် နွားတစ်ကောင်၊ ခေါင်းပေါင်း တစ်ခုဆိုလျှင် ပိုးပုဆိုးတစ်ထည် လက်ဆောင် ပြန်ပေးရသည်။ထို့ကြောင့် လက်ဖွဲ့သူများက သေချာစွာ မှတ်ထားရလေသည်။

ဂျိန်းဖော့တို့၏ ထုံးစံအတိုင်း သတို့သမီးဘက်မှ ဦးလေး၊ ဘကြီးစသော ဆွေမျိုးများ လက်ဖွဲ့လေ့ရှိသော လက်ဆောင်ပစ္စည်းများမှာ ဖိုခနောက်ကြီး၊ အိုးကြီး၊ မောင်း၊ စောင်၊ ပုဆိုး၊ ဓါး၊ လှံစသည်တို့အပြင် စပါးမျိုးစေ့များ၊ ပဲမျိုးစေ့များကို အခိုင်လိုက် အနှံလိုက်ပေးကြသည်။ စပါးနက်၊ စပါးနီ၊ ကောက်ညှင်း၊ ပဲပိစပ်၊ ဘာလီ စသောသီးနှံ မျိုးစေ့ များလည်းပါသည်။

ယောကျ္ခမအိမ်၌ ဆောင်ရွက်စရာများ ပြီးဆုံးသော အခါ နောက်နေ့နံနက် နေခြည်ပျိုးစအချိန်၌ သတို့သမီးကို ရိုးရာဓလေ့အတိုင်း မွမ်းမံပြင်ဆင်ပေးပြီး သတို့သားအိမ်သို့ ခေါ်ဆောင်ကြရလေသည်။ ယောကျ္ခမအိမ်မှ သတို့သား အိမ်ရှိရာသို့ စတင်ထွက်ခွာချိန်မှစ၍ ယောကျ္ခမကိုယ်စားလှယ်

များကို သမက်ဘက်မှ ကိုယ်စားလှယ်များက လိုလေသေး မရှိအောင် အစစအရာရာ ဂရုတစိုက်ပြုစုရသည်။

သတို့သမီးနှင့် ယောက္ခမကိုယ်စားလှယ်များ သတို့သား နေထိုင်ရာ ရွာသို့ရောက်သောအခါ သတို့သားနေအိမ်သို့ တိုက်ရိုက်မဝင်ရဘဲ သတို့သားနှင့် ညီအစ်ကိုတော်သော အိမ်တစ်အိမ်၌ ခေတ္တနေရာချထားပေးရသည်။ ယင်းသို့ နေရာချထားပေးသောအိမ်ကို "ဂျန်ထုံအင်တာ" ဟုခေါ်သည်။

သတို့သားဘက်မှ အကြိုတော်များသည် ထိုဂျန်ထုံ အိမ်သို့သွားရောက်၍ အရက်ခေါင်ရည်များဖြင့် ဝမ်းပန်းတသာ ကြိုဆိုဧည့်ခံကြရလေသည်။ ပွဲရှင်နှင့် ယောက္ခမကိုယ်စားလှယ် များကြားတွင် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် "မဂန်ဘော်ထိန်လက်" ခေါ်ပွဲရှင်ကိုယ်စားလှယ် နှစ်ဦးခန့် ထားရလေသည်။ ထိုကိုယ်စားလှယ်နှစ်ဦး၏ တာဝန်မှာ အိပ်ရာဝင်ချိန်၊ အိပ်ယာထချိန်၊ ထမင်းစားချိန် စသည် တို့တွင် အရက်ခေါင်ရည်များ ဆက်သပြီး ကိုယ်စားလှယ် များအား ကျိုးနွံစွာ သတင်းပို့ရသည်။

မင်္ဂလာအခမ်းအနားကျင်းပသောနေ့တွင် သတို့သား အိမ်၌ မင်္ဂလာအခမ်းအနားနှင့်ဆိုင်သော ရိုးရာနတ် ပူဇော်ပွဲအတွက် ဝက်သုံးကောင်၊ ယောက္ခမနတ်စင်အတွက် ကျွဲနှစ်ကောင်၊ အဒေါ် ဦးလေးနှင့်ဆိုင်သောနတ်၊ သတို့သမီး

ပို့သောနတ်၊ မင်္ဂလာနတ် စသည်ဖြင့် နတ်ဟောဆရာ၏ ဟောကိန်းအတိုင်း ပြင်ဆင်ထားရသည်။

ထို့နောက်ပွဲရှင်ဘက်မှ သတ်မှတ်တာဝန်ပေးထားသော အမျိုးသမီးနှစ်ဦးသည် ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စား ဆင်ယင်မွမ်းမံပြီး ပွဲရှင်ကိုယ်စားလှယ်နှစ်ဦး၏ ခွင့်ပြုချက် တောင်းယူ၍ သတို့သမီးကို မင်္ဂလာဆောင်သို့ ခေါ်ဆောင် လာရသည်။ သတို့သမီးကို ခေါ်ဆောင်သည့်အခါတွင် တည်းခိုအိမ်ရှင်နှင့် သတို့သမီးကိုလိုက်ပို့သော ဆွေမျိုးများအား မောင်းနှင့် တောင်ရှည်ပုဆိုး စသည်များကို လက်ဆောင် အဖြစ်ပေးထားခဲ့ရသည်။ သတို့သမီးသည် သတို့သားအိမ် ရှေ့သို့ရောက်လျှင် အသင့်ပြင်ဆင်ထားသော နေရာ၌ နေရသည်။ ထိုအခါ နတ်ဆရာက ယဇ်ကောင်များ ပူဇော် နေစဉ် သတို့သမီးကို လိုက်ပို့သော ကိုယ်ရံတော် အမျိုးသမီးနှစ်ဦးသည်လည်း မင်္ဂလာယဇ်တိုင်အနား၌ စီတန်းစိုက်ထူထားသော ကိုင်းပင်များကို ဖြတ်သန်း၍ သတို့သားအိမ်သို့ ဝင်ရလေသည်။

ထိုအတောအတွင်းသမက်ဘက်မှ တာဝန်ပေးထားသော လမ်းပြနှစ်ဦးသည် ကိုင်းရုံများကို အလယ်မှခြမ်း၍ လမ်းခင်း ပေးရသည်။ သတို့သား၏ မိခင်သည် သတို့သမီးအား ၎င်းလမ်းအတိုင်း မင်္ဂလာပွဲဆောင်ထဲသို့ လက်တွဲခေါ်ဆောင် သွားရလေသည်။

သတို့သမီး မင်္ဂလာပွဲဆောင်အတွင်းသို့ သွင်းရာ၌ "အင်ပန်"ခေါ် အိမ်အနောက်ဘက် တံခါးပေါက်မှ ခေါ်သွင်း ရသည်။ သတို့သမီးမင်္ဂလာပွဲဆောင် တံစက်မြိတ်အောက်သို့ ရောက်သောအခါ သတို့သား၏ဖခင်က ပုတီးတစ်ကုံးစွပ် ပေးကာ သမီးအဖြစ် အသိအမှတ်ပြုရလေသည်။ ၎င်းအပြင် လှေကားဟောင်းဘက်၌ယှဉ်၍ ထောင်ထားသောလှေကား အသစ်ပေါ်နင်း၍ မင်္ဂလာဆောင်အိမ်ပေါ်သို့ တက်စေရ သည်။ လှေကားတက်ရန် လှေကားအရောက်တွင် သားသမီး အများဆုံးထွန်းကားသူ အမျိုးသမီးကြီးတစ်ဦးက သတို့သမီးအား ဆုတောင်းမင်္ဂလာစကား ပြောကြားပြီး မင်္ဂလာသင္ကာပုတီးတစ်ကုံးကို ခေါင်းမှနေ၍ စွပ်ပေးကြ သည်။

သတို့သမီးအိမ်သို့ ရောက်သောအခါ ရှေးဦးစွာ "ဒူးနှုးဒပ်" ခေါ် မင်္ဂလာပွဲဆောင်၏ အလယ်မီးဖိုခန်းကို ရှစ်ကြိမ် လှည့်ပတ်ပြီးမှ ကိုယ်ရံတော်များနှင့်အတူ "အင်ကျန်းဒပ" ခေါ် အဘိုးအဘွားများ အခန်း၌ နေရာယူ နားနေရလေ သည်။ သတို့သမီးကို လိုက်ပို့သောအမျိုးသား ကိုယ်စားလှယ် များကိုမူ ပွဲချိန်အထိ ဂျန်ထုံအိမ်၌ ဆက်ထားရသည်။ သူတို့ သုံးဆောင်ရန် "မယုရှန်"ခေါ် အမဲပေါင် တစ်ခြမ်းနှင့်အတူ အရက်၊ ခေါင်ရည် စားသောက်ဖွယ်ရာများ လုံလုံ လောက်လောက် ထောက်ပံ့ကြရသည်။

မင်္ဂလာပွဲသို့ လာရောက်ကြသော ဧည့်ပရိတ်သတ်တို့ကို သတို့သားကိုယ်တိုင်လိုက်၍ ဧည့်ခံကျွေးမွေးရ သည်။ ဧည့်ပရိတ်သတ်တို့သည် မဏ္ဍပ်အတွင်း၌ အရက်ခေါင်ရည်များ သောက်စားရင်း တစ်ဦးနှင့်တစ်ဦး မိတ်ဖွဲ့စကားပြောဆိုနေကြလေသည်။

ထို့နောက် သတို့သား၊ သတို့သမီးကိုယ်တိုင် သတို့သမီးအိမ်မှ ယူလာသောဆန်နှင့် ငါးခြောက်ကို ဆန်ပြုတ်ပြုတ်ရသည်။ ၎င်းဆန်ပြုတ်ကို နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဧည့်ပရိတ်သတ်အား ဧည့်ခံရင်း မိတ်ဆက်ဆွေမျိုးစပ်ကြသည်။ ဧည့်ပရိတ်သတ်များက "ဇနီးမောင်နှံ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သားသမီး ရတနာမြောက်မြားစွာ ထွန်းကားပါစေ" ဟုဆုတောင်း မေတ္တာပို့ကြသည်။ အိမ်ပြင်ဘက်တွင်လည်း နေ့လည်က ယဇ်ပူဇော်ထားသော အသားတို့ကို ချက်ပြုတ်၍ ခေါင်ရည် အရက်တို့ဖြင့် ဧည့်သည်တို့အား ကျွေးမွေးဧည့်ခံကြသည်။

ညပိုင်းသို့ရောက်သောအခါ ပရိတ်သတ်များသည် အိမ်အပြင်ဘက်၌ မီးပုံပွဲများ ပြုလုပ်ကာ သီဆိုကခုန် ပျော်ရွှင်ကြသည်။ သတို့သမီးအဖွဲ့နေသော အခန်းထဲတွင်မူ "လကာ" သို့မဟုတ် "ဂျန်ကာ" ခေါ် ကဗျာများကို ရွတ်ဆို တတ်သူများသည် ပြောင်မြောက်သော ကဗျာအဖွဲ့အနွဲ့ဖြင့် သတို့သား၊ သတို့သမီးအချင်းချင်း ချစ်မေတ္တာပွားကာ

အကြင်လင်မယားဖြစ်လာကြပြီး နောက်သားသမီး ဆွေမျိုး သင်္ဂဟ သိုက်သိုက်ဝန်းဝန်းနှင့် ချမ်းသာသုခ ထာဝရခံစား ရပါစေဟူသော အဓိပ္ပါယ်ပါ ဆုတောင်းစာကို ရွတ်ဆိုကြ လေသည်။

ထို့နောက် ဂျိုင်ဝါခေါ် နတ်ဆရာက နတ်စကားဖြင့် သတို့သားနှင့် သတို့သမီးအား “ဂွမ်ဂွန်းဂွမ်းဖိုင်” နတ်ခေါ် မိရိုးဖလာ နတ်မင်းထံအပ်နှံပေးရသည်။ အကယ်၍ သတို့ သား၊ သတို့သမီးတို့သည် ဒူဝါမျိုးဖြစ်ပါက “မဒိုင်” နတ်ထံ အပ်ပေးရသည်။

နတ်ထံ အပ်နှံတိုင်တည်ရာတွင် သတို့သားနှင့် သတို့သမီးသည်နတ်စင်ရှေ့တွင် တူစုံတွဲနေထိုင်ပြီးသတို့သမီး ဘက်ကယူလာသော ပစ္စည်းများကို ရှေ့တွင်ချကာ ကမ္ဘာဦး မှစ၍ အိမ်ထောင်ပြုသည့်သမိုင်းကို ရှည်လျားစွာ ပြောပြ ရသည်။ ကချင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများနှင့် ကိုးကွယ်ယုံကြည်သော နတ်များအကြောင်း ကို ကောင်းစွာသိတတ်နားလည်ပြီး ကဗျာလင်္ကာ ကြွယ်ဝသူ အချို့ ကချင်ဆလန်ဝါများသာ နတ်သမိုင်းကို ရွတ်ဆို တတ်ကြလေသည်။ ၎င်းကဗျာရွတ်ဆိုရာ၌ ဆရာရွတ်ဆို သည့်အတိုင်း နောက်လိုက်များက တစ်လုံးမကျန် လိုက်ဆို ရလေသည်။

နံနက်မိုးလင်းခါနီး၌ "ဂျိုင်ဝါဂင်ဆတ်" ခေါ် နောက်ဆုံးဆုံးမသြဝါဒကို ရွတ်ဆိုပြီး အိမ်ရှေ့အိမ်တိုင်ခြေရင်း၌ "မရောမရတ်" ခေါ်ကြက်တစ်ကောင်ကို သတ်ကာ နိဂုံးချုပ်လေသည်။ ဂျိုင်ဝါဆရာနှင့်အဖွဲ့ကိုပွဲရှင်များက သင့်တော်သလို အဖိုးခပေးရသည်။

နောက်နေ့နံနက်တွင် သတို့သမီးနှင့်ပါလာသော ဆွေမျိုးများသည် နံနက်ပိုင်းတွင် မိမိတို့ရပ်ရွာသို့ ပြန်ကြမည် ဖြစ်သည့်အတွက် နံနက်စာဖြင့် ဧည့်ခံကြရ သည်။ ၎င်းနံနက်စာ စားပွဲတွင် သတို့သားနှင့်သတို့သမီးသည် "ခေါ်ခေါ်ရှုတ်ဘောက်" ခေါ် ထမင်းဟင်းလျာများကို ဆုပ်၍ အချင်းချင်း ခွံ့ကျွေးရသည်။

နံနက်စာစားပြီးချိန်တွင် သတို့သားဘက်မှ မိဘများက သတို့သမီးကို လာရောက်ပို့ဆောင်ပေးသော ဧည့်သည် များကို "နွမ်းဆောရှကနိုင်" ခေါ် သတို့သမီး ပို့ဆောင်ခ သင့်တော်သလိုပေးရသည်။ "ဝါဆွမ်းဘိန်" ခေါ် အမဲပေါင် တစ်ပေါင်၊ ကောက်ညှင်းထုပ်၊ ထမင်းထုပ်၊ ဟင်းထုပ်၊ ကြက်ဥပြုတ်နှင့် အရက်ခေါင်ရည်များပါရှိသော ခြင်းကျား တစ်လုံးကိုပါ ပေးလိုက်ရသည်။ ယောက္ခမက ကိုယ်စားလှယ် များသည် ပြန်ခါနီးတွင် သတို့သားထံသို့ သွားလည်ရသည်။ သတို့သမီးက ခေါင်ရည်အရက်တို့ဖြင့် ကြိုဆိုဧည့်ခံရသည်။ ထိုအခါ ကိုယ်စားလှယ်တို့က သတို့သမီးကို အားပေးစကား

ပြောကြားကြသည်။ ၎င်းကို "ရပ်ဒေါဖျ" ဟုခေါ်လေသည်။ ၎င်းတို့သည် သတို့သားနှင့် မိဘများကို ဓါးတစ်လက် လက်ဆောင်အဖြစ် ပေးထားခဲ့ကြသည်။

လက်ထပ်ပွဲ၌ ရွှေငွေပစ္စည်းအင်အားဖြင့်လည်းကောင်း၊ လူအင်အားဖြင့်လည်းကောင်း လာရောက် ကူညီကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ အပေါင်းအဖော်များကို ပွဲရှင်များကသင့်သလို ကျေးဇူးတုံ့ပြန်ရပါသည်။ ၎င်းကို "ခေါ်ယာထူအိုင်" ဟုခေါ်သည်။

မင်္ဂလာအခမ်းအနား ပြီးဆုံး၍ ယောက္ခမကိုယ်စားလှယ် များနှင့် အခြားသောညော့်ပရိတ်သတ်များအားလုံး ပြန်သော




YES I DO
WEDDING DRESS & PHOTO STUDIO


YES I DO
WEDDING DRESS & PHOTO STUDIO




D/mai than myint

အခါ သတို့သမီးသည် စပါးကျီမှ စပါးတစ်တင်းခန့်ကို ယူပြီး ကိုယ်တိုင်ဆန်ဖွပ်ကာ ခေါင်ရည်ကစော်ချက်လုပ်ရသည်။ လေးရက်ကြာမှ ခေါင်ရည်ဖြစ်သဖြင့် ထိုလေးရက်တွင် သတို့သမီးသည် အိမ်အပြင်သို့ မထွက်ရပေ။ လေးရက်မြောက်သောနေ့တွင် ခေါင်ရည်လည်း ကောင်းမွန်လာပြီဖြစ်၍ သတို့သမီးအား အိမ်တွင်းပစ္စည်းအားလုံးနှင့် အိမ်လုပ်ငန်းများကို အပ်နှံလေသည်။

ခေါင်ရည်အသစ်နှင့် စားသောက်ဖွယ်ရာများကို ယူဆောင်ပြီး သတို့သား၊ သတို့သမီးတို့သည် သတို့သမီးမိဘများထံ သွားရောက်ကန်တော့ကြရလေသည်။ ထိုနေ့မှစ၍ သူတို့နှစ်ဦးသည် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေထိုင်ရလေသည်။

ယနေ့ခေတ်တွင် ဂျိန်းဖော့တိုင်းရင်းသားတို့၏ လက်ထပ်မင်္ဂလာပွဲသည် ဘုရားသခင်ထံအပ်နှံ၍ ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်းစသည်ဖြင့် ခရစ်ယာန်ဘာသာဝင်များဖြစ်သည်နှင့်အညီ သင်းအုပ်ဆရာများ၊ သင်းထောက်ဆရာများ၊ ဓမ္မအမှုဆောင်များက ဦးဆောင်၍ လက်ထပ်မင်္ဂလာပွဲကို ဘုရားရှိခိုးကျောင်း၌လည်းကောင်း၊ သတို့သား

အိမ်ရှေ့ မဏ္ဍပ်ထိုး၍လည်းကောင်း ခမ်းနားကြီးကျယ်စွာ ကျင်းပလေ့ရှိသည်။

ငင်းတို့က တာဝန်ယူ၍ ဆုတောင်းအပ်နှံ မင်္ဂလာ ဆောင်နှင်းပေးခြင်းဖြစ်လေသည်။ ဝတ်ပြုခြင်း၊ ကျမ်းသစ္စာ ဆိုခြင်း၊ လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးခြင်းတို့ဖြင့် ရိုးရာဓလေ့ထုံးစံများ ဆောင်ရွက်ပေးကြသည်။ မင်္ဂလာ ဆောင်သောနေ့တွင် သတို့သားမှ မင်္ဂလာလက်စွပ်ကို သတို့သမီးအားဝတ်ဆင်ပေးခြင်း၊ သတို့သမီးမှ ငွေခါးလွယ်နှင့် ငွေမောင်းပါလွယ်အိတ်တို့ကို သတို့သားအား လည်တွင် ဆင်မြန်းပေးခြင်းဖြင့် တည်မြဲသော ခရစ်ယာန်အိမ်ထောင်ရေး အကြင်လင်မယားအဖြစ် တစ်ဦးနှင့်တစ်ဦး ဘုရားသခင်ရှေ့တွင် ကတိသစ္စာခံယူကာ မင်္ဂလာဆောင်နှင်းပေးကြသည်ကို တွေ့ရှိရသည်။

ဂျိန်းဖော့တို့၏ လက်ထပ်မင်္ဂလာပွဲသည် မိမိတို့ ဂျိန်းဖော့တိုင်းရင်းသားတို့အတွက်သာမက အခြားကချင် တိုင်းရင်းသားမျိုးနွယ်စုဝင်များအတွက်ပါ ရင်းနှီးချစ်ခင်မှုကို ဖြစ်ပေါ်စေသည့် အစဉ်အလာကောင်းများ၊ အကျိုးဆက်များ များစွာရရှိစေသည်။

## ကယောတိုင်းရင်းသားမျိုးနွယ်စု၏
## အသက်မွေးဝမ်းကြောင်းခလေ့

ရှေးခေတ်လူမျိုးများသည် ဝမ်းစာအတွက်ခြေဦး တည်ရာအရပ်သို့ လှည့်လည်သွားကာ စီးပွားရှာကြလေ သည်။ ထို့နောက်အိုးအိမ် အတည်တကျ ထူထောင်၍ တစ်နေရာတည်းတွင် အခြေစိုက်ကာ နေလာကြသည်။ ယင်းသို့ အခြေစိုက်ကြခြင်းမှာ မြေဆီလွှာကို ခြစ်ယက် တူးဆွလျက် အသီးအနှံပင်များ စိုက်ပျိုးခြင်းအားဖြင့် စားဝတ်နေရေး ဖူလုံနိုင်သည်ဟူသော အသိဉာဏ် ပွင့်လင်း လာခြင်းကြောင့်ပင် ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို စတင်ဆောင်ရွက်ကြသည့်အခါ လူတို့သည် ယခင်ကကဲ့သို့ ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာ မနေကြတော့ဘဲ တစ်နေရာတည်းတွင် အတည်တကျ အခြေစိုက်ကာ ကိုယ်ပိုင်စိုက်ခင်းမြေများ စိုက်ပျိုးလာကြသည်။

ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်မြေကိုယ့်ယာနှင့် အခြေတကျ ဖြစ်လာသောအခါတွင် လူသားအချင်းချင်း ရင်းနှ ◌ှ ◌ီးစွာ ပေါင်းသင်း ဆက်ဆံနိုင်ခြင်း၊ စိုက်ပျိုးရေးကို အခြေပြု၍ အလုပ်အကိုင်များခွဲဝေမှု ပေါ်ပေါက်လာခြင်း အစရှိသည့် လူမှုရေးရာတို့ ထွန်းကားပေါ်ပေါက်လာလေသည်။ ထိုသို့ဖြင့်

လူ့ယဉ်ကျေးမှု အဆင့်အတန်းသည်လည်း တဖြည်းဖြည်း တိုးတက်လာလေသည်။ မူလသုံးစွဲသော တုတ်ချွန်၊ စူးချွန်များ အစား ထွန်သွားတို့ဖြင့်မြေကြီးကို ထွန်ယက်စိုက်ပျိုးလာကြ သည်။ သီးနှံများကိုလည်း တစ်မျိုးပြီးတစ်မျိုး ဖြည့်စွက် စိုက်ပျိုးလာကြသည်။ တိရိစ္ဆာန်ရိုင်းများကိုလည်း ယဉ်ပါးအောင် မွေးမြူလျက် နေထိုင်စားသောက်ရေးနှင့် လယ်ယာလုပ်ငန်းခွင် အတွက် အထောက်အပံ့ ဖြစ်စေရန် အသုံးချလာကြသည်။

ကယောတိုင်းရင်းသားလူမျိုးစုတို့သည် ပင်လယ်ရေ မျက်နှာပြင် အမြင့်ပေအနိမ့်ဆုံး(၂၀၀၀)မှ အမြင့်ဆုံး (၈၀၀၀) အတွင်းရှိ ဒေသများတွင် နေထိုင်ကြပါသည်။ မြေပြန့်ဒေသ နည်းပါးပြီး လျှိုမြောင်တောင်ကြားတွင် လှေခါးထစ် စိုက်ခင်းများ ပြုလုပ်စိုက်ပျိုးကြပါသည်။ တစ်နှစ်လျှင် ဘတစ်ကြိမ် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း၍ တောင်ယာစိုက်ပျိုးကြပါသည်။ စပါးအပြင် အခြားသီးနှံများ ဖြစ်သော ပဲမျိုးစုံ၊ ပိန်းဥ၊ မြောက်ဥ၊ ဘူး၊ ဖရုံ၊ သခွား၊ ပြောင်းဖူး၊ နှံစားပြောင်း၊ လူး၊ ဆပ်၊ ဂျင်းတို့ကိုလည်း စိုက်ပျိုးကြပါသည်။ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ် မြောက်ပိုင်း ဒေသတို့တွင် အနှစ်(၅၀)တစ်ကြိမ် ကွက်ထလေ့ရှိ ကြောင်း လေ့လာတွေ့ရှိရ ပါသည်။



ကယောတိုင်းရင်းသားများစူးထိုးရန် တောင်ယာသို့သွားနေပုံ



ကယောအမျိုးသားတောင်ယာစူးထိုးနေပုံ



**ကယောအမျိုးသမီး မျိုးစေ့ချနေပုံ**

ခရစ်ယာန်သာသနာပြုများ ရောက်ရှိလာချိန်မှစ၍ ဥ ယျာဉ်သီးနှံများဖြစ်သော ရောက်၊ သရက်၊ လိမ္မော်၊ သံပုရာ၊ ကျွဲကောသီးပင်နှင့် ကွမ်းသီးပင်၊ ပိန္နဲ၊ ဖာလာ များကို ဈေးကွက်သို့ စီးပွားဖြစ်ရောင်းချနိုင်ရန် ပိုမို စိုက်ပျိုးလာကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတိုင်း၌ တစ်နှစ် တစ်ကြိမ်၊ (၅)နှစ် တစ်ကြိမ်၊ (၇)နှစ်တစ်ကြိိမ်၊ (၁၀)နှစ်တစ်ကြိမ်၊ (၁၂)နှစ် တစ်ကြိမ်မှ (၁၄)နှစ်တစ်ကြိမ် တစ်နေရာမှ တစ်နေရာသို့ အလှည့်ကျ

ရွှေ့ပြောင်းတောင်ယာ ခုတ်ပြီး အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ လက်ရှိစိုက်ပျိုးနေသည့် တောင်ယာစိုက်ခင်း တစ်ခင်းကို နောက်တစ်ကြိမ် အသုံးပြုရန်အတွက် ကျေးရွာရှိ အိမ်ခြေလူဦးရေ အချိုးအစားအလိုက် (၅)နှစ်၊ (၇)နှစ်၊ (၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်အထိကြာအောင် စောင့်ဆိုင်းရပါသည်။တောင်ယာခင်းပိုင်နက် သတ်မှတ်ရာတွင် တစ်ဒေသနှင့် တစ်ဒေသ သတ်မှတ်ချက်ကွာခြားသည်ကို တွေ့ရှိရပါသည်။ ကယောလူမျိုးများ နေထိုင်သည့် အအေးပိုင်းဒေသများတွင် သစ်ပင်ကို ခါးလယ်မှ ခုတ်ဖြတ်ပြီး အမှတ်အသား ပြုကြပြီး အပူပိုင်းဒေသများတွင် ကျောက်တုံးကျောက်ခဲ များကိုစုပုံပြီး ကျောက်ပုံအနေဖြင့် အမှတ်အသားပြု၍ ဘွဲ့ကယော ဒေသများတွင် တောင်ပို့တောင်ကုန်းနှင့် အမြင့်ဆုံးသောသစ်ပင်ကို အမှတ်အသားပြုလုပ်ကြပါသည်။

ကယောတိုင်းရင်းသားများသည် တောင်ယာ စူးမထိုးမီ ပထဦးစွာ တောင်ယာမီးရှို့ထားပြီး ကျန်ရှိနေသည့် အမှိုက်များကို သန့်ရှင်းရေး ပြုလုပ်ထားရပါသည်။ အမျိုးသားများက ဒေသခေါ် ရဲရဲမူ (တောထန်းပင်အခေါက်)ကို တူရွင်းပြားငယ်ပုံသဏ္ဍာန်ရှိသည့် စူးထိုးမည့် ကိရိယာအဖြစ် အသုံးပြုပြီး အရှည်(၉)ပေရှိသည့် ဝါးလုံးထိပ်တွင်

တပ်ဆင်ထားရပါသည်။ တောင်ယာသို့ မသွားမီ စပါးမျိုးစေ့၊ စားသောက်ဖွယ်ရာများနှင့် ခေါင်ရည်များကို အမျိုးသမီးက ပြင်ဆင်ထားရပါသည်။ ကျေးရွာအကြီးအကဲမှ တောင်ယာ စူးထိုးမည့်နေ့ရက်ကို သတ်မှတ်ပေးပြီးပါက စူးထိုးမည့် တောင်ယာအထိသွား၍ ရွာလုံးကျွတ် တောင်ယာစူးထိုးကြပါ သည်။

အမျိုးသားများက စူးထိုးတံကိုကိုင်၍ မြေကြီး ထဲသို့ စိုက်သွင်းပြီး စူးထိုးတံပြန်အနုတ်တွင် အမျိုးသမီး များက စပါးမျိုးစေ့ စူးထိုးသည့်မြေကြီး အတွင်းသို့ တစ်ပြိုင်တည်း ထည့်ရပါသည်။ မွန်းတည့်ချိန်တွင် အသင့်ပြင်ဆင် ထားသည့် စားသောက်ဖွယ်ရာများနှင့် ခေါင်ရည် များကို နေ့လယ်စာအဖြစ် သုံးဆောင်ကြသည်။ တောင်ယာ စူးထိုးချိန်ပြီး နေအိမ်သို့ ပြန်လည်ရောက်ရှိသည့် အချိန်၌လက်သုံးဆုပ်ခန့်ရှိသည့် ဝက်တစ်ကောင် ကို သတ်၍ ပထမဦးစွာ ဝမ်းတွင်းသားများကို ထုတ်ယူ၍ ချက်ပြုတ်ထားပါသည်။ ကျန်ရှိသည့် ဝက်တစ်ကောင်လုံးကို အပြီးသတ် ပြင်ဆင်နေစဉ် အတွင်း ချက်ထားသည့် ဝမ်းတွင်းသားများကို လူကြီးနှင့်

ကလေးများပါမကျန် စတိအနေဖြင့် ကျွေးပါသည်။ ၎င်းကို ကယောလို “ဒါးပရီးကီ” ဟု ခေါ်ပါသည်။ ထို့နောက် ဝက်သားများကို ဆက်လက် ချက်ပြုတ်စားသောက် ကြပါသည်။ ၎င်းကို ကယောလို “ဟာလာ” ဟု ခေါ်ပါသည်။

# ကရင်လူမျိုးတို့၏ကရင်ရိုးရာအလှည့်ကျ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းဓလေ့ထုံးတမ်း

ကရင်လူမျိုးတို့၏မြေယာအသုံးချမှုတွင် တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းမှု၊ ရေရှည်တည်တံ့စွာအသုံးချနိုင်မှု၊ ဂေဟစနစ် (Ecosystem) နားလည်ပြီး အမှီသဟဲနေထိုင်မှုတို့အပေါ် အခြေခံပြီး မြေယာကို အသုံးချသည့်ကျင့်စဉ်များသည် ကရင်လူမျိုးတို့၏ အလှည့်ကျ ရွှေ့ပြောင်းတောင်ယာ၏ ဓလေ့ထုံးတမ်း မြေယာမူဝါဒစနစ်အတွက် ထင်ဟပ်မှုကို ဖြစ်စေနိုင်ပါသည်။

တောတောင်နှင့် စမ်းချောင်းတစ်လျှောက်တွင် ကရင်လူမျိုးအများစုနေထိုင်ကြပြီး သစ်တောကို အမှီသဟဲပြုကာ သဘာဝနှင့်အတူယှဉ်တွဲနေထိုင် သူများဖြစ်ကြပါသည်။ စားသုံးရန်အတွက် အဓိကဖြစ်သည့်ဆန်၊ စပါးကို အလှည့်ကျပြောင်းရွှေ့ တောင်ယာမှရရှိသည်။ တနင်္သာရီတိုင်းဒေသအတွင်းရှိ ခမောင်းသွယ်ဒေသသည်လည်း ကရင်လူမျိုးအများစု နေထိုင်သည့် ဒေသတစ်ခုဖြစ်ပြီး ဘိုးဘွားတို့၏ ဓလေ့ထုံးတမ်းအရ တောင်တန်းကို အဓိကထားပြီး စိုက်ပျိုးရေးကို လုပ်ကိုင်ကြပါသည်။ ကရင်ရိုးရာ အလှည့်ကျရွှေ့ပြောင်း တောင်ယာဆိုသည်မှာ မိသားစုတစ်စုသည် တစ်နေရာတွင် တစ်နှစ်တာတောင်ယာ ခုတ်ကာ စပါးနှင့်ကောက်ပဲသီးနှံ အမျိုးမျိုးကိုစိုက်ပျိုး

ခြင်းဖြစ်ပြီး မိမိတို့စိုက်ပျိုးခဲ့ပြီးသည့် တောင်ယာဟောင်းများကို(၈)နှစ်(၉)နှစ်ခန့် အချိန်ယူအနားပေးခြင်းအား ဖြင့်သဘာဝအရ သစ်တောတစ်ဖန်ဖြစ်လာပြီး မြေဆီမြေနှစ်များ ကောင်းလာစေခြင်းဖြင့် နောင်တောင်ယာ ကိုပြန်လည်ခုတ်ပြီးစိုက်ပျိုးခဲ့ကြပါသည်။ တောင်ယာတစ်နှစ်ပြုလုပ်ပြီးသည့် ဖုန်းဆိုးမြေတွင် ယခင်နှစ်ကသစ်ငုတ်များမှတစ်ဆင့်သစ်ပင်သစ်ကိုင်းများ ပြန်လည်ရှင်သန်ကြီးထွားလာပြီး အချိန်ကြာလာပါက သစ်တောအဖြစ် သို့တစ်ဖြည်းဖြည်း ပြန်ဖြစ်လာသဖြင့် ရှင်းလင်းသောမြေပေါ်တွင် မီးရှို့လိုက်ခြင်းကြောင့် မြေကြီးအောက်တွင်ရှိနေသည့်အခြား နေရာမှ လွင့်ပျံ့လာသော သစ်စေ့များလည်း ပြန်လည်၍ အပင်ပေါက်လာခဲ့ပါသည်။

အလှည့်ကျ ရွှေ့ပြောင်းတောင်ယာသည် လူတို့စားသုံးရန်အတွက် သာမကဘဲ တောင်ယာအနီးအနားပတ်ဝန်းကျင်ရှိ တောရိုင်းတိရိစ္ဆာန်များအတွက်ပါအစားအစာကို ထုတ်လုပ်ပေးပါသည်။ ကရင်ရိုးရာ



တောင်ယာခုတ်ရာတွင် မြေနေရာရွေးချယ်ခြင်း တောင်ယာခုတ်ခြင်း၊ စိုက်ပျိုးခြင်းမှစ၍ ရိတ်သိမ်းခြင်းချိန်အထိ စသည့် ကရင်ရိုးရာဓလေ့ ထုံးတမ်းနှင့်အသိပညာဗဟုသုတ တို့ကိုအခြေခံ၍ လုပ်ဆောင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတများဖြစ်သည် သာမက ဇီဝမျိုးကွဲများ ရေရှည်တည်တံ့စေရန် အထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့်ကရင်လူမျိုးများသည် သစ်တောထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ပြီး ရိုးရာဓလေ့ထုံးတမ်းအရ အလှည့်ကျ ရွှေ့ပြောင်းတောင်ယာစနစ်သည် သစ်တောများ ပျက်စီးဆုံးရှုံးမှုကို မတွေ့ရသော်လည်း ခေတ်မီနည်းစနစ်ကို အခြေခံသောစိုက်ပျိုးရေးကို ဦးစားပေးပါက ရိုးရာဓလေ့ထုံးတမ်းနှင့်

ယဉ်ကျေးမှုပါ ပျောက်ကွယ်ပြီးမြေဆီဩဇာ ကြွယ်ဝသော သဘာဝသစ်တောများကိုပါ ပျက်စီးစေနိုင်ပါသည်။

**ကရင်ရိုးရာအလှည့်ကျရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ရာ တွင် လိုက်နာကျင့်သုံးရကြ သည့်ဓလေ့များ**

- တပို့တွဲလတွင် တောင်ယာခုတ်ရန်အတွက် နေရာရှာခြင်း၊ အမှတ်အသားပြုခြင်း၊ တောခုတ်ခြင်းပြုလုပ်ကြသည်။
- တောင်ယာခုတ်ရန်နေရာကို သွားရောက်ရှာသည့်အချိန်တွင် ဂျီဟောက်သံ ကြားရပါက ထိုနေရာကို ရွေးချယ်ခြင်းမပြုကြပါ။
- တောင်ယာခုတ်မည့်မြေနေရာသည် မတ်စောက်သည့် တောင်ကုန်းနှင့် ချောင်းကမ်းစပ်မဖြစ်ရန် သတိပြုကြသည်။
- တောင်ယာထဲတွင် စပါးမှည့်သည့် အချိန်တွင် တောဝက်များ စပါးလာမစားရန် တောင်ယာပိုင်ရှင်သည် တောထဲတွင် နှီးများကိုဖျာပြီး လူဝင်လူထွက် အပေါက်ချန်ကာတောင်ယာ

ပတ်လည်တွင်နှီးကို ဆက်၍ချည်သည်။ တောင်ယာပတ်လည်တွင် ဆက်၍ချည်ထားသည့် နှီးကိုကျော်ဖြတ်ခြင်း မပြုလုပ်ရပါ။ တောဝက်များသည် တောင်ယာအနားသို့ ရောက်လာပြီး ချည်ထားသောနှီးကို တွေ့ပါက တောင်ယာနားကို မလာတော့ပါ။

- တောင်ယာထဲတွင်သစ်ငုတ်တို၊ ဝါးငုတ်တိုများကို တောင်ယာအလယ်တည့်တည့်တွင် ဓားဖြင့် ပေါက်ခုတ်ခြင်းမပြုလုပ်ရပါ။ ဖိုးဘီးယောခေါင်းကို ခုတ်ခြင်းနှင့်တူသည်ဟု မိဘဘိုးဘွားများကပြောကြသည်။

- စပါးမျိုးစေ့ထားသိုရာတွင် မျိုးစေ့ထားရန် ရွေးချယ်ထားသည့် စပါးကိုချွေပြီးလျှင်(၃)ရက် နေ့ညမရုတ်ပဲနေလှန်းသည်။ စပါးမျိုးစေ့လှန်းသည့်ဖျာ၏အနားပတ်လည် (၄)ဘက်တွင် ကြိမ်ခါးညွတ်(၄)ခက်ကို တစ်ဖက်တစ်ခက်စီ ချထားသည်။ စပါးမျိုးစေ့ကိုချွေပြီး ရလာသည့် အနေအထားအတိုင်း ထားသည်။ သန့်စင်ခြင်း

မပြုလုပ်ကြပါ။ စပါးမျိုးစေ့ကိုစပါးမျိုးစေ့ထည့်သည့်တောင်းထဲတွင် ထည့်ပြီးသိမ်းဆည်းသည်။ စပါးမျိုးစေ့သိမ်းဆည်းရာတွင် မကြွေလွယ်သည့် စပါးမျိုးဖြစ်ပါက စပါးမျိုးစေ့ထည့်သည့် တောင်းထဲတွင် ငှက်ပျောရိုင်းအရွက်ကိုထည့်ပြီးမှ စပါးမျိုးစေ့ကိုထည့်၍ သိမ်းဆည်း သည်။ သိမ်းဆည်းထားသည့် စပါးမျိုးစေ့၏ အထက်တွင် မည်သည့်အရာမှ မတင်ထားရပါ။ ခေါး၊ အချဉ် လုံးဝမထားရပါ။ စပါးမျိုးစေ့ကို ကိုင်တွယ်သည့် အခါတွင်လည်း အချဉ်ကိုမကိုင်ရပါ။ စပါးမျိုးစေ့ကို အိမ်၏ အမြင့်တစ်နေရာ စင်ပေါ်တွင် တင်၍ထားရသည်။ နင်းခြင်း၊ ကျော်ခွခြင်း မပြုလုပ်ရပါ။

- စပါးမိခင်ဆိုသည်မှာ တောင်ယာ၏အလည်တွင် နေရာတစ်နေရာ သတ်မှတ်ကာထိုနေရာတွင် ဝါးတစ်ချောင်းကို စိုက်ထူပြီး ထိုဝါးကို အထက်မှခွဲ၍ မြေကြီးကိုယူကာ ဝါးထဲသို့ ထည့်သည်။ ပြီးလျှင် စပါးမျိုးစေ့ကိုထည့်သည်။

စိုက်ထူထားသည့်ဝါး၏ ခြေရင်းနားပတ်လည်တွင် စပါး(၇)ပေါက်စိုက်သည်။ မှတ်သားထား သည့် မြေ၏အနားပတ်လည်တွင် (ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး)ကိုစိုက်သည်။ စပါးမိခင်ကို တောင်ယာပိုင်ရှင်ကသာ ကိုယ်တိုင်ရိတ်သိမ်းရ သည်။ အခြားသူများ မရိတ်သိမ်းရပါ။ စပါး မိခင်ကောင်းပါက စပါးကောင်းပြီး မိခင် စပါးထိခိုက်ပါက တောင်ယာစပါး ထိခိုက် သည်ဟုယုံကြည်ကြသည်။ တောင်ယာထဲတွင် စပါးနာကျင်ပါက စပါးမိခင်တွင် တောင်ယာ ကိုသွားရောက်ပြုပြင်ကြသည်။ မိခင်စပါး တစ်ပင်ကို ကြိုးဖြင့်ချီထားကာ ထိုစပါးပင် ပြန်ကောင်းလာပါက တောင်ယာထဲရှိ စပါးများ ပြန်ကောင်းလာသည်။ စပါးပြုပြင်သည့် ကာလတွင် မည်သူမျှတောင်ယာထဲသို မဝင်ရပါ။ မသိသည့်သူများ ဝင်ရောက်ပါက ဘာမှမဖြစ် သော်လည်း သိလျက်နှင့် ဝင်ရောက်ပါက စပါးကို ထိခိုက်ပျက်စီးစေသည်။ တောင်ယာပိုင်ရှင်

ကိုယ်တိုင် ဝင်ရောက်ပါက အခြားသူများ ဝင်ရောက်သည်ထက် ထိခိုက်ပျက်စီးမှုပို များသည်။

- တောင်ယာမီးရှို့ရာတွင် စတင်မီးရှို့သည့် မီးရှူးကို တောင်ယာထဲသို့ ပစ်မထည့်ရပါ။ ပစ်ထည့် ပါက တောင်ယာထဲတွင် မြွေပေါ်များသည်ဟု ဘိုးဘွားများက ပြောဆိုဆုံးမကြသည်။ တောင်ယာမီးရှို့သည့်အခါတွင် မီးကောင်းစွာ လောင်စေချင်ပါက အရက်ကို ထွေးထည့်ပေးရ မည်ဟုဆိုသည်။

- စပါးဆူးထိုးသည့်အခါတွင် ဆူးထိုးတံကို လဲမကျစေရ။ ဆူးထိုးတံလဲကျပါက စပါး လဲကျမှုများသည်ဟု မိဘဘိုးဘေးများက ပြောဆို ဆုံးမသည်။

- စပါးမျိုးစေ့ကျဲရာတွင် တောင်ယာအကျယ် အဝန်းတူသော်လည်း စပါးစတင် ကျဲသည့်

သူများတွင် စပါးအကုန်များသည့် သူနှင့် စပါး အကုန်နည်းသည့် သူကိုသာရွေးချယ် သည်။

- အလုပ်လုပ်ကိုင်ရာတွင် လက်နှေးသည့်သူ များကို အလိုမရှိကြပါ။ အလုပ်စတင် လုပ်ကိုင်သည်နှင့် (မZလီဉ်အီဉ်နီဉ်) ဟူ၍ ဆုတောင်းကြသည်။ အစိပ္ပါယ်မှာ မိုးကြိုးကဲ့သို့ အလုပ်ကိုလုပ်ကိုင်ပြီး ကြာရှည်စွာစားရ သည်ဟူ၍ဖြစ်သည်။
- တောင်ယာထဲကို တောင်ကုန်းဝါးမြစ်ထိုးသည့် နေရာ(တောင်ကုန်း၊ တောင်စောင်းခြေရင်း တည့်တည့်)တွင်မဆောက်ကြပါ။ တောင်ကုန်းသည် တောနတ်၊ တောင်နတ် သွား လာသည့်လမ်းနှင့် ဝါးမြစ်ထိုးသည့် နေရာကို ပူသည့်နေရာ(မဆောင်အံ့သည့်နေရာ)ဟု ယုံကြည် ကြသည်။ တောင်ယာတဲကို တောင်ယာနှင့် တောင်ယာအပြင်ဘက် သစ်တောကြားတွင် မဆောက်ပါ။ ညှပ်တတ်သည်ဟု ယုံကြည် ကြသည်။ **(ညှပ်သည်ဆိုသည်မှာ နာမကျန်း**

**ဖြစ်ပြီးသေဆုံးခြင်းကိုဆိုလိုသည်**။) စပါးဆူး ထိုးကြသည့်အခါတွင် တောင်ယာထဲ ပတ်လည် ကိုထိုးရသည်။ တောင်ယာတဲ တစ်ခြမ်းတွင်သာ စပါးစိုက်၍မရပါ။ တောင်ယာတဲ၏ ဘေးဘက် တစ်ဖက်တွင် ငှက်ပျောစိုက်ပြီး ကျန်တစ်ဖက်တွင် ကြံစိုက်ခြင်းမပြုလုပ်ရပါ။ ညှပ်တတ်သည်။

- တောင်ယာထဲတွင် ဆန်ကြမ်းမျိုးနှစ်မျိုး မစိုက်ကြပါ။ တောင်ယာထဲတွင် စပါးနှင့်အတူ ကောက်ညှင်းကို စိုက်လိုပါက စပါးကိုကပ်လျက် နှစ်ခြမ်းစိုက်ပြီး ထိုစပါးနှစ်ခြမ်းစလုံးနှင့် ကပ်လျက် အထက်ဘက်တွင် ကောက်ညှင်းကို စိုက်ရသည်။ တောင်ယာလုပ်ရာတွင် ညီအကို မောင်နှစ်မနှစ်ဦး၏ ကြားတွင် မပြုလုပ်ရပါ။ အထက်ပါအတိုင်း မလိုက်နာပါက ညှပ်တတ် သည်ဟု ယုံကြည်ကြသည်။

**ကရင့်ရိုးရာဓလေ့ထုံးတမ်းအရရွှေ့ပြောင်းတောင်ယာလုပ် ကိုင်ပုံအဆင့်ဆင့်**

## (က) တောင်ယာခုတ်ရာနေရာရွေးချယ်ခြင်း၊အတည်ပြုသတ်မှတ်ခြင်းနှင့်အသိအမှတ်ပြုခြင်း

နတ်တော်လတွင် တောင်ယာခုတ်ရန်အတွက် နေရာရွေးချယ်ခြင်း ပြုလုပ်ရာတွင် နှစ်သက်သည့် နေရာကိုရွေးပါက အမှတ်အသားအဖြစ် နေရာတစ်နေရာ ရှင်းလင်းခုတ်ထွင်သည်။ ပြီးလျှင် ဝါးတစ်ချောင်းကိုခုတ်ကာ ထိုးဝါး၏ ထိပ်ပိုင်းကို (၄)စိပ်စိပ်ပြီး သစ်ရွက်ကြီးကြီးယူကာ ထိုသစ်ရွက် ထဲတွင် မြေမှုန့်လက်တစ်ဆုပ်စာ ထည့်ကာ ထိုသစ်ရွက်ကိုထုပ်ပြီး(၄)စိတ်စိပ်ထားသည့်ဝါး အပေါ်တွင် တင်ထားသည့် အမှတ်အသားကို တွေ့သည့်သူတိုင်း ထိုနေရာတွင် အခြားသူတစ်ဦးဦး တောင်ယာခုတ်ရန် ရွေးချယ်ပြီးကြောင်း သိရှိကြပါသည်။ ဤကဲ့သို့နေရာရွေးချယ် အမှတ်အသား ပြုလုပ်ပြီးပါက ထိုနေရာ၌ တစ်ညအိပ်ပြီး အိမ်မက်ကောင်းပါက ထိုနေရာတွင် တောင်ယာခုတ် အတည်ပြု၍ အိမ်မက်မကောင်းပါက ထိုနေရာတွင်တောင်ယာမခုတ်ပါ။ ပြာသိုလတွင် မိဘ

ဘိုးဘွားတောင်ယာ ခုတ်ရန်နေရာ ရွေးချယ် အမှတ်အသားပြုခြင်း တောင်ယာကြိုတင် ခုတ်ခြင်း မပြုကြပါ။ ပြာသိုလ မတိုင်ခင်နှင့် ပြာသိုလကုန် နောက်ပိုင်းတွင်သာ ပြုလုပ်လေ့ရှိကြပါသည်။

(ခ) **တောင်ယာခုတ်ခြင်း**

တောင်ယာကို တစ်ရက်ကြိုခုတ်ခြင်း ပြုလုပ်ပြီး ပါက မိမိနှစ်သက်သည့်အချိန်တွင် တောင်ယာကို ခုတ်နိုင်သည်။ တပို့တွဲလသည် တောင်ယာခုတ် ပြီးသည့်လ ဖြစ်ပါသည်။ တောင်ယာခုတ်ရာတွင် တောင်ယာ ပြုလုပ်သည့်နေရာကို ခုတ်ထွင် ရှင်းလင်းခြင်းဖြစ်ပြီး လူအင်အားကိုသာ အသုံး ပြုကာ ခုတ်ထွင်သည့် တောင်ယာအကွက်သည် မိသားစုတစ်စု၏ တစ်နှစ် ဆန်စပါးဖူလုံရေး အတွက် ရည်ရွယ်ပါသည်။ တောင်ယာခုတ် သည့်အခါတွင်လည်း မြေပြင်အထက်ကိုသာ ခုတ်ထွင်ရှင်းလင်းပြီး အပင်များကို အမြစ်မှတူးဖော် မြေလှန် စိုက်ပျိုးခြင်း မပြုလုပ်ကြပါ။

(ဂ) **တောင်ယာနေလှန်းခြင်း**

တောင်ယာခုတ်ပြီး တစ်လကြာထားကာ နေလှန်းသည်။ တပေါင်းလသည် တောင်ယာကို နေလှန်းသည့်ကာလဖြစ်သည်။ တောင်ယာကို နေလှန်းသည့်ကာလ၌ တောင်ယာမီးရှို့သည့်အခါ တောထဲသို့ မီးမပြန့်စေရန် အတွက် တောင်ယာပတ်လည်တွင် မီးတားလမ်းများကို အကျယ်ဖေပေမှ ၁ဂပေအထိ ရှင်းလင်းပေး ကြပါ သည်။

(ဃ) တောင်ယာမီးရှို့ခြင်း

တောင်ယာမီးရှို့ခြင်းကို တပေါင်းလတွင် ပြုလုပ်သည်။ အနည်းဆုံး တစ်လကြာခန့် နေလှန်းပြီးသည့် တောင်ယာအကွက်ကို မီးရှို့ ရာတွင် မွန်းလွဲပိုင်း နေတဖြည်းဖြည်း အေးလာ သည့်အချိန်တွင်သာ စတင်မီးရှို့ကြသည်။ မီးရှို့ သည့်တောင်ယာအကွက်သည် ဥယျာဉ်ခြံနှင့်နီးပါက ညနေ(၅)နာရီနောက်ပိုင်းတွင် မီးရှို့လေ့ရှိသည်။

(င) မီးရှို့ပြီးစီးသည့် တောင်ယာအကွက်ကို ရှင်းလင်းခြင်း

မီးရှို့ပြီးစီးသည့် တောင်ယာအကွက်ကို ရှင်းလင်းခြင်းသည် တန်ခူးလတွင် ပြုလုပ်ပါ သည်။ တောင်ယာမီးရှို့ပြီးပါက စပါးသီးနှံနှင့် ကောက်ပဲသီးနှံ မစိုက်ပျိုးခင် မီးလောင်ထားသည့် သစ်ဝါးများကို အရင်ပြန်လည် သိမ်းဆည်း ရသည်။ တောင်ယာ မီးရှို့သည့် အချိန်တွင် မီးလောင်ကျွမ်းမှု ကောင်းပါ က တောင်ယာရှင်း လင်းရန်မလိုပါ။ မီးလောင်ကျွမ်း မှု မကောင်းပါက မီးလောင်ထားသည့်၊ မီးလောင်၍ မကုန်သည့်သစ်၊ ဝါးများကို ပြန်လည်ရှင်းလင်းပေးရ သည်။ မီးရှို့ပြီး တောင်ယာကို ရှင်းလင်းပြီးပါက တန်ခူးလ၊ ကဆုန်လအတွင်း တောင်ယာထဲတွင် ပိန်းဥ နှင့်ဟင်းသီးဟင်းရွက် အမျိုးမျိုးကို စတင်စိုက် ပျိုးသည်။

(စ) **တောင်ယာအလှုဆင်ခြင်း**

ကရင်ရိုးရာဓလေ့စိုက်ပျိုးရာတွင် မိမိတို့ တောင်ယာကို အလှုဆင်ရန်အတွက် ပန်းများကို လည်း စိုက်ပျိုးကြသည်။ တောင်ယာထဲတွင် စိုက်ပျိုးသည့် ပန်းများမှာ အဓိကအရေးပါဆုံးသော ပန်းများဖြစ်သည်။ တောင်ယာကိုအလှုဆင်ပေး သည်သာမက စပါးနာကျခြင်းကိုလည်း ကာကွယ်

သည်။ ထို့ကြောင့် ကရင်ရိုးရာခလေ့ တောင်ယာ စိုက်ပျိုးသည့်အခါ မိဘ ၊ ဘိုးဘွားများက တောင်ယာ စိုက်ပျိုးပါက (ပန်းနီ၊ ပန်းဝါ) ကိုလည်းစိုက်ပျိုးရန် မိမိ တို့၏သားသမီးများကို မှာကြသည်။ ထို့အပြင် စပါးရိတ်သိမ်းပြီး မိမိတို့၏ရွာရှိ အိမ်သို့ နွားလှည်း ဖြင့် သယ်ယူလာကြရာတွင် ကရင်လူမျိုးများသည် (ပန်းနီ၊ပန်းဝါ)ဖြင့် အလှဆင်ထားသည့် မိမိတို့၏ လှည်းကို ရွာထဲသို့ဝင်လာသော အခါ မြင်သူတိုင်းက ထိုလှည်းသည် ရိတ်သိမ်းပြီးစပါးကို သယ်ဆောင်လာ သည့် လှည်းဖြစ်ကြောင်း သဘောပေါက်ကြသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခမောင်းသွယ်ဒေသသည်လည်း ကရင်လူမျိုးအများစု နေထိုင် သည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်း ကို အဓိက ဦးစားပေး လုပ်ကိုင်ကြသည်။ မိမိတို့၏ ဒေသတွင် အဓိက စိုက်ပျိုးထားသော သီးနှံမှာ တောင်ယာစပါး နှင့် ဥယျာဉ်ခြံများ ဖြစ်ကြပါသည်။ ဥယျာဉ်ခြံ သီးနှံများထဲမှ တစ်ခုဖြစ်သော ကွမ်းသီး ပင်များကို စီးပွားဖြင့် စိုက်ပျိုးကြပါ သည်။

## အရှို(ချင်း)ကောက်သစ်စားပွဲတော်( စောင်ထာအေပွေ)

အရှိုချင်းရိုးရာ ကောက်သစ်စားပွဲကို ရှေးယခင်က အရှိုချင်းတိုင်းရင်းသားများ မတင်းနေထိုင်ရာ ဒေသများတွင် ပြုလုပ်ခဲ့ကြပြီး ယခုအခါတွင် ကောက်သစ်စားပွဲကို ဦးဆောင် ကျင်းပသည့်ရိုးရာပဆန်းဆရာ ရှားပါးခြင်း၊ ဘာသာအယူ ဝါဒများ လွှမ်းမိုးပြီး ရိုးရာနတ်ကိုးကွယ်မှု တိမ်ကော ခြင်းတို့ကြောင့် ငဖဲမြို့နယ် တောင်ပေါ်ဒေသရှိ ကျေးရွာ အချို့တို့တွင်သာ ကျင်းပကြတော့ကြောင်း သိရှိရပါသည်။

ကောက်သစ်စားပွဲတော် (စောင်ထာအေပွေ) ဖြစ်ပေါ် လာပုံမှာ ကမ္ဘာဦးအစတွင် မိခင် 'ယော်စိစအိုင်' နှင့် သား 'ချဲ့နှနေး' သားအမိနှစ်ဦးရှိခဲ့ကြသည်။ ထိုခေတ်က လူလောကနှင့် တမလွန်လောက နှစ်မျိုးတွင် တမလွန် လောကသည် အလွန်သာယာ နေချင်စဖွယ်ဖြစ်သည်ဟု နာမည်ကြီးနေပါသည်။ မိခင်'ယောစိစအိုင်'သည် တမလွန် လောကသို့ သွားရောက်လေ့လာရာ နေချင်စဖွယ်ဖြစ်၍ မပြန်လို ဖြစ်နေပါသည်။



ပလူတံ(၂)ချောင်း တပ်ထားသော ခေါင်ရည်အိုး



ပဆန်းဆရာမှ ဝက်သားကိုမခုတ်ထစ်ဘဲ ပဆန်းပွယ်မည့်ပုံ



ပဆန်းဆရာမှ ဝက်သားကိုခုတ်ထစ်ပြီး ပဆန်းပွယ်မည့်ပုံ



အိမ်ရှင်အမျိုးသားဘက်မှဆွေမျိုးများ(လိပ်ပြာကြီး)မှခေါင်ရည်

သောက်သုံးနေပုံ

တမလွန်လောကသို့ မသွားမီသားကို ‘ပေါင်းနဲ့’ ပင်ကို ပြုတ်၍ထားပါ။ မိခင်ပြန်လာလျှင် ထို‘ပေါင်းနဲ့’ ပြုတ်ရည်ဖြင့် ရေချိုးသန့်စင်ရန်အတွက် မှာကြားခဲ့ပါသည်၊သားသံယောဇဉ်ကြောင့် တမလွန်လောကမှ ပြန်လာချိန်သည် နေ့လည်နေပူချိန်ဖြစ်၍ ကျားသရေကိုခြုံပြီး ပြန်လာပါသည်။ အိမ်သို့ ရောက်ချိန်တွင် ညသန်းခေါင်အချိန်ဖြစ်နေ၍ အိမ်စောင့်ခွေးမှ အလွန် ထိုးဟောင်ပါသည်။ ထိုအချိန်တွင်သားကလည်း ကြောက်လန့်၍ လေးဖြင့်ပစ်ရာ မိခင်က ငှက်ပျောပင် နောက်ကွယ်မှနေ၍ သားရေ မင်းအဲသလောက် ကြောက်နေရင် အမေတမလွန် လောကသို့ ပြန်သွားတော့မယ်။ တောင်ယာခုတ်ပြီးစပါး၊ ဟင်းသီးဟင်းရွက်စုံစိုက်ပါ။ ဟင်းသီးဟင်းရွက်ကို ပိုးမွှား၊ တိရစ္ဆာန်များ စားသောက်မဖျက်ဆီးမီတစ်ကြိမ်၊ စပါးနှံတို့ကို ပိုးမွှား တိရစ္ဆာန်များ စားသောက်မဖျက်ဆီးမီ တစ်ကြိမ် အမေကိုရည်စူးပြီး ချောင်းထဲမှ ဖား၊ ငါးနှင့် တောင်ယာခင်းမှ ကြွက်ကိုဖမ်းပြီး ကောက်သစ်စားပွဲ ပြုလုပ်ပါ။ ဆန်၊ ရေ၊ စပါး၊ ဟင်းသီးဟင်းရွက် ပေါများအောင် တမလွန် လောကမှ ကူညီစောင့်ရှောက် ထောက်ပံ့ပေးပါ့မယ်’ ဟု မှာကြားပြီး တမလွန် လောကသို့ ပြန်သွားခဲ့ပါသည်။

ထိုအချိန်မှစ၍တောင်ယာခင်းမှ ကောက်ဦးပေါ်ချိန်တွင် ရိုးရာကောက်သစ်စားပွဲများ စတင်ပြုလုပ်လာကြ ပါသည်။ ကောက်သစ်စားပွဲ (စောင်ထာအေပွေ)သည် တောင်ယာခင်းမှ



**အိမ်ရှင်အမျိုးသမီးဘက်မှဆွေမျိုးများ(လိပ်ပြာငယ်)မှခေါင်ရည်**

**သောက်သုံးနေပုံ**



**လိပ်ပြာကြီး၊ လက်ပြာငယ်ဆွေမျိုးများ ခေါင်ရည် သောက်နေပုံ**



ခေါင်ရည်အိုးအား ရေဖြည့်မည့်ပုံ



ခေါင်ရည်အိုးအား ရေဖြည့်နေပုံ

D/mai than myint

ဟင်းသီးဟင်းရွက်ပေါ်ခါစနှင့် စပါးဦး(ကောက်ဦး) ပေါ်ခါစ အချိန်တွင် ပြုလုပ်သော စားပွဲနှစ်မျိုးလုံးကို ဆိုလိုပါသည်။ ဟင်းသီးဟင်းရွက်စားပွဲကို ကဆုန်လတွင် ပြုလုပ်လေ့ရှိပြီး ကောက်ဦးစားပွဲကို သီတင်းကျွတ်လတွင် ပြုလုပ်လေ့ရှိပါသည်။

ကောက်သစ်စားပွဲ (စောင်ထာအေပွေ) ကျင်းပ ပြုလုပ်ရန်လိုအပ်သောပစ္စည်းများမှာ ဝက်ကြီးတစ်ကောင်၊ ခွေးတစ်ကောင်၊ ကြက်တစ်ကောင်၊ ခေါင်ရည်နှစ်လုံး၊ တောင်ယာအတွင်းမှ ဟင်းသီးဟင်းရွက်အစုံ၊ ဆန်စပါးတို့ လိုအပ်ပါသည်။ ကျင်းပ ပြုလုပ်ရသော အကြောင်းအရင်းမှာ ကောက်သစ်စားပွဲမပြု လုပ်မီ စားသောက်ပါက အစာမကြေရောဂါဖြစ်ပွားတတ်သည်ဟု အယူအဆရှိသောကြောင့်ဖြစ်ပါသည်။

ကောက်သစ်စားပွဲ (စောင်ထာအေပွေ) ကျင်းပပြုလုပ်မည့် အိမ်အတွင်းခန်းတွင် ပဆန်းဆရာမှ ဝက်အရှင်ကောင်ကို ပဆန်းပွယ်ရသည်။ ထို့နောက် ဝက်ကိုသတ်ဖြတ်ပြီး အသည်းကို ပဆန်းဆရာရှေ့တွင် ဖက်နှင့်ထုပ်၍ ပရောဟိတ် (ပဆန်းဆရာ)က နိမိတ်ဖတ် သည်။ ပြီးလျှင် ရိုးရာနည်းအတိုင်း (တင်ပဆုံသား၊ ပခုံးသား၊

လည်ပင်းသားအစရှိသဖြင့် အတွဲလိုက်) မခုတ်ထစ်ဘဲ ချက်ပြုတ်ရသည်။ ထိုအချိန်တွင် ပဆန်းပွယ်ပြီးသော ခေါင်အိုးကို ပဆန်းဆရာမှ စတင်သုံးဆောင်စေပြီး သင့်တော်သူများကို အစဉ်လိုက်ခေါ်ယူသုံးဆောင်စေသည်။

လက်ထောက်ပဆန်းဆရာက အိမ်အပြင်ခန်းမှ သုံးဆောင်စေပြီး အခြားသင့်တော်သူများကို ဆက်လက် သောက်သုံးစေပါသည်။ ထိုသို့ သုံးဆောင်စေရာတွင် အမျိုးသားပြီးမှ အမျိုးသမီးများကို ဆက်လက်ခေါ်ယူရ ပါသည်။ ဆွေမျိုးသားချင်းများ ယူဆောင်လာသော ခေါင်ဗူးများကို လိပ်ပြာကြီး (အိမ်ရှင်အမျိုးသား၏ ဆွေမျိုးများ)ကသာ သုံးဆောင်ရပါသည်။ သူတို့လွဲအပ်မှ ခေါင်ရည်ကို သောက်သုံးခွင့် ရှိပါသည်။ ဟင်းချက်ပြီး သောကြွက်သားကို ပဆန်းဆရာမှ ဆက်ပြီး ပွယ်ရပြန်သည်။ ခွေးနှင့်ကြွက်ကိုလည်း သတ်ဖြတ်၍ ချက်ပြုတ်ရပါသည်။ ဟင်းချက်ပြီးသော (ပဆန်းပွယ်ထားသော) ဝက်သားကို ခုတ်ထစ်၍ ရိုးရာနည်း (မော်ပေား)အရ နှာခေါင်း၊ ဦးနှောက်၊ တင်ပဆုံသား၊ ပခုံးသား၊ လည်ပင်းသား စသည်ဖြင့်သင့်ရုံမျှ သီးသန့်ခွဲထား၍ အားလုံးပေါင်းပြီး ထပ်မံ ပဆန်းပွယ်ရ ပြန်သည်။ မြေခွက်ထဲတွင် သီးသန့်ထည့်ထားသောအသားသည်

ပဆန်းဆရာအတွက် ဖြစ်သည်။ ထို့နောက် ဝက်သားဖြင့် လိပ်ပြာကြီးများကို ကျွေးမွေးဧည့်ခံရပါသည်။

လိပ်ပြာကြီးများ စားသောက်ပြီးပါက လိပ်ပြာငယ် (အိမ်ရှင်အမျိုးသမီး၏ဆွေမျိုးများ)ကို ခွေးသား၊ ကြက်သား တို့ဖြင့် ကျွေးမွေးဧည့်ခံရပါသည်။ကြွင်းကျန်သော ဝက်သားများကို လိပ်ပြာငယ်များကို ပြန်လည်ဧည့်ခံရပါသည်။ သီးသန့် ချန်ထားသော ဝက်သားများကို ပဆန်းဆရာမှဆက်ပြီး ပဆန်းပွယ်ရပါသည်။ ပဆန်းပွယ်ပြီးနောက် ပဆန်း ဆရာမှမန္တာန်ရွတ်ဖတ်၍ ကောက်သစ်စားပွဲ (စောင်ထာ အေပွေ)ကို ရုတ်သိမ်းကာ ထမင်းလက်ဆုံ သုံးဆောင် ကြပါသည်။ပွဲအစတွင်ပါဝင်သောအသီးအရွက်အစုံများကို ညတွင်းချင်း မည်သူမဆို သုံးဆောင်နိုင်ပြီး မကုန်ပါက ကြွင်းကျန်သည်များကို စွန့်ပစ်ရပါသည်။

ထို့နောက် ကောက်သစ်စားပွဲ (စောင်ထာအေပွေ) ကျင်းပပြီးစီးပြီးဖြစ်၍ ဆွေမျိုးမိတ်ဆွေများ ပရိတ်သတ်များ မိမိအိမ်သို့ပြန်သွားကြပြီး ပွဲကိုပြီးဆုံးစေပါသည်။

## ထားဝယ်တိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားခြင်းဓလေ့ အကြောင်းသိကောင်းစရာ

မင်္ဂလာတရားတစ်ဆယ့်နှစ်ပါးရှိသည့်အနက် မိဘတိုင်းသားသမီးများအပေါ် ထားရှိအပ်သော ဝတ္တရားငါးပါးတွင် ထိမ်းမြားမင်္ဂလာပြုပေးခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်ပေသည်။ ထားဝယ်တိုင်းရင်းသားတို့၏ မင်္ဂလာအခမ်းအနားသည် တစ်မူထူးခြားလှပါသည်။ ထားဝယ်လူမျိုးတို့သည် ချစ်သူရည်းစားဘဝတွင် မည်မျှပင် ချစ်ကြိုက်စေကာမူ ယောကျ်ားပို၏မိဘက မိန်းမပို၏ မိဘထံသို့ ဆွေမျိုးအစုံအညီဖြင့် သွားရောက်၍ လယ်ယာ၊ ကျွဲ၊ နွား၊ ဥယျာဉ်ခြံ၊ ရော်ဘာခြံ၊ ရွှေ၊ ငွေပစ္စည်းများကို ခေတ်ကာလနှင့်အညီ တန်ဖိုးသတ်မှတ်ကာ မိန်းမပို၏ တန်ဖိုးကို အသိအမှတ်ပြုသောအားဖြင့်တောင်းရမ်းကြပါသည်။ ထိုကဲ့သို့ မိန်းမပိုအား တောင်းရမ်းသည်ကို ဒေသဝေါဟာရအားဖြင့် "အမေးငွေအပ်မင်္ဂလာ" ဟုခေါ်ကြပါသည်။ စေ့စပ်ကြောင်း လမ်းပွဲပင်ဖြစ်ပါသည်။ အမေးငွေအပ်ပွဲတွင် နှစ်ဖက် မိဘများက ဖိတ်စာများသီးခြားရိုက်၍ ဖိတ်ကြသည်။ သတို့သားလောင်းဘက်မှ ဖိတ်စာတွင် သတို့သားမိဘနှင့် သတို့သားအမည်သည် ဖိတ်စာ၏ အပေါ်ဘက်တွင်ရှိ၍ သတို့သမီး လောင်းဘက်မှ ဖိတ်စာတွင် သတို့သမီးမိဘနှင့် သတို့သမီး၏ အမည်သည် ဖိတ်စာ၏ အပေါ်ဘက်တွင်ရှိ သည်။



**အမေးငွေအပ်အခမ်းအနားအတွက်သတို့သား၏မိဘများမှပြင်ဆင်ပုံ**



**သတို့သားမိဘနှင့် သတို့သမီးမိဘတို့  မင်္ဂလာပန်းအိုးနှင့်**
**မင်္ဂလာကွမ်းအစ်တို့ကို အလဲအလှယ် ပြုနေကြပုံ**

အခြားသော ရပ်ရွာဒေသမှ တိုင်းရင်းသားများနှင့် လက်ထပ်သည့်အခါ ယင်းကိစ္စသည် အငြင်းပွားဖွယ်ရာ ကိစ္စတစ်ရပ် ဖြစ်သည်။ မင်္ဂလာအခမ်းအနားကို သတို့သားလောင်းဘက်မှ ဆွေမျိုးမိတ်ဆွေများ စုံလင်စွာဖြင့် သတို့သမီးလောင်း ၏မင်္ဂလာအိမ်သို့ လိုက်ပါ ပို့ဆောင်ပေးရပါသည်။ သတို့သားတို့ဘက်မှ အသင့်ယူဆောင်လာသော မင်္ဂလာပန်းအိုးနှင့် မင်္ဂလာကွမ်းအစ်တို့ကို သတို့သမီးမိဘများက လမ်းတွင် ဆီးကြိုကာ နှစ်ဖက်မိဘ အလဲအလှယ်ပြုလုပ်ကြရပါသည်။ ထားဝယ်တိုင်းရင်းသား မင်္ဂလာဆောင်အခမ်းအနားတွင် ပန်းတော်ကိုင်၊ ကွမ်းတော်ကိုင်သည့်သူများမှာ မိဘနှစ်ပါးတို့ပင် ဖြစ်ကြပါသည်။ ထားဝယ်အခေါ်အဝေါ်အားဖြင့် “မြားအီပို့” မိန်းမအိမ်ပို့ ဟုခေါ်ကြပါသည်။ အမေးငွေအပ်မင်္ဂလာအခမ်းအနားတွင် သတို့သားဘက်မှ ဘိသိက်ဆရာတစ်ဦးနှင့် သတို့သမီးဘက်မှ ဘိသိက်ဆရာတစ်ဦးတို့က အမေး၊ အဖြေ ပြုလုပ်ကြခြင်းပင် ဖြစ်ပါသည်။

လူကြီးမိဘသဘောမတူ၍ဖြစ်စေ၊အကြောင်းကြောင်းကြောင့်နှစ်ဦးသဘောတူဖြင့် ခိုးရာလိုက်ပြေးသောဓလေ့လည်းရှိကြပါသည်။ထိုသို့ခိုးရာလိုက်ပြေးပါကအမျိုးသားဘက် မှ မိဘဆွေမျိုးများက ထိုဇနီးမောင်နှံအား အမျိုးသမီး အိမ်သို့ ပြန်လည်တောင်းပန် အပ်နှံပေးကြရပါသည်။ ဤသည်ကို ထားဝယ်အခေါ်အဝေါ်အားဖြင့် “မီးမအပ်” “သတို့သမီးအပ်” ဟုခေါ်ဝေါ်ကြပါသည်။

ဗမာမျိုးနွယ်စုဝင် ထားဝယ် တိုင်းရင်းသားတို့ စုလျားရစ်ပတ် ထိမ်းမြားခြင်း၊ ဘိသိက်သွန်းလောင်း၍ ထိမ်းမြားခြင်းတို့ဖြင့် "အီဒပ်" လက်ထပ်ထိမ်းမြားကြပါသည်။ ထားဝယ်တို့၏ မင်္ဂလာအခမ်းအနားပြုလုပ်ရာ တွင် အုန်းသီး၊ ထန်းသီး၊ ဓနိသီး၊ ကွမ်းသီးများကို အခိုင်လိုက် ၊ကွမ်းရွက်အစည်းလိုက်၊ ဆေးရွက်ကြီးကို လည်း ရွှေစက္ကူဖြင့်ပတ်၍ ဒေါင်းလန်းထဲတွင် ထည့်ထား ရပါသည်။ အုန်းပင်ပေါက်၊ ကွမ်းသီးအပင်ပေါက်၊ ငှက်ပျောပင်ပေါက် (၂)ပင်၊ ကြံပင် (၂)ပင်တို့ကို ထောင်ထားရပါသည်။ အပြစ်အနာအဆာကင်း၍ လှပသောအပင်ပေါက် များနှင့် အသီးခိုင်များကို မင်္ဂလာကိစ္စအတွက် ဝယ်ယူလျှင် သာမန်ဈေးထက် နှစ်ဆ ပေးဝယ်ရပါသည်။ အသီးများကို အခိုင်လိုက်ထည့်ရခြင်းမှာ ဤမင်္ဂလာကိစ္စကြောင့်ဖြစ်ပေါ် လာသော အိမ်ထောင်ရေး ခိုင်မြဲစေရန်အတွက်ဖြစ်သည်။ အပင်ပေါက်များကို ထည့်ရခြင်းမှာ ဤအိမ်ထောင်ရေး၏ ရှင်သန်ကြီးပွားမှုကို အတိတ် မှတ်ယူခြင်း ဖြစ်ပါသည်။ အမေးငွေအပ်မင်္ဂလာတွင် သတို့သား ဘက်မှ တင်တောင်းထားသည့် ပိတ်ဖြူအုပ်ကိုလည်း ဒေါင်းလန်းအပေါ်တင်၍ ပြင်ဆင်ထားရပါသည်။

သတို့သားနှင့် သတို့သမီးတို့သည် မင်္ဂလာခန်းမ အလယ်သို့စုံတွဲတွဲ၍ မထွက်လာကြပါ။ ရှေ့ဆင့်နောက်ဆင့် လည်းမထွက်လာတတ်ကြပါ။ ဘိသိက်ဆရာက သတို့သားကို ခေါ်ထုတ်လျှင် သတို့သားက တောင်ရှည်ပုဆိုး၊ အပေါ်ရင်ဖုံး

အကျႌ၊ ခေါင်းပေါင်းနှင့် သတို့သားအရံတစ်ဦး၊ နှစ်ဦးခြံရံ၍ ခန့်ညားတင့်တယ်စွာဖြင့် ထွက်လာကြသည်။ အလားတူပင် သတို့သမီးကိုခေါ်ထုတ်လျှင် သတို့သမီးသည် ထမီကွဲ၊ ထိုင်မသိမ်း အကျႌနှင့် ပခုံးတင်ပဝါ “ဖားအူပိုင်း” ကို ပခုံးတင်၍ သတို့သမီး အရံများ ခြံရံကာ လှပတင့်တယ်စွာ ဖြင့် ထွက်လာရပါသည်။ သတို့သားကို လက်ယာဘက် သတို့သမီးကို လက်ဝဲဘက် နေရာယူ၍ ထိုင်စေပါသည်။

ဘိသိက်ဆရာရှေ့ရှိ ငွေဖလားတွင် သတို့သားအတွက် ပန်းကန်တော့(၃)ခု၊သတို့သမီးအတွက် ပန်းကန်တော့ (၃)ခုတို့ကို ထိုးစိုက်ပေးထားသည်။ ထိုပန်းကန်တော့တွင် စံပယ်ပန်း၊ ဒေါင်းစုံပန်း၊ သပြေ၊ မြေဇာ၊ မြက်၊ ကေရာဇ် ရွက်၊ အုန်းလက် တို့ ပါဝင်ကြသည်။ အမေးငွေအပ်ခဲ့စဉ်က သတို့သားဘက်မှ တင်တောင်းရာတွင် ပါလာသော ပိတ်ဖြူအုပ်ကို သုံးတောင်စီခွဲ ၍ စားသောက်ဖွယ်ရာများနှင့် အတူပေးအပ်လိုက်ရပါသည်။ တစ်ဖက်နှင့်တစ်ဖက် ဆွေမျိုးရင်းချာများ ဖြစ်ပြီဟု သတ်မှတ် လိုက်သော သင်္ကေတ တစ်ခုပင်ဖြစ်ပါသည်။

သတို့သားသည် သတို့သမီးမိဘ၏ အိမ်တွင် အနည်းဆုံး (၇) ရက်နေရပါသည်။ မိသားစုနေထိုင်မှုပုံစံမှာ အများအားဖြင့် (၇)ရက် သို့မဟုတ် ကာလအနည်းငယ် မိဘနှင့်အတူ နေထိုင် ပြီးမှ အိုးအိမ်ခွဲပြီး အိုးအိမ်သစ် ထူထောင်ကာ နေထိုင်လေ့ရှိ



**မောင်ဗထူး(ဗိုလ်မှူးကြီးဗထူး) နှင့် မအုန်းတင် တို့၏မင်္ဂလာဆောင်ဓာတ်ပုံ**

ပါသည်။ အိုးအိမ်အသစ်ခွဲနေ ကြပြီဆိုပါက ခင်ပွန်းဖြစ်သူဘက်မှ အစဉ်အလာအရ ယုံကြည်ကိုးကွယ် လာသော ရိုးရာဓလေ့ကို ကိုးကွယ်ရပါ သည်။

အချုပ်အားဖြင့်ဆိုရသော် ထားဝယ်လူမျိုးတို့သည် ထိမ်းမြားမင်္ဂလာပွဲကို မြတ်နိုးတန်ဖိုးထားကြပြီး စည်ကား သိုက်မြိုက်စွာ ပြုလုပ်ကျင်းပကြပါသည်။ မိန်းမပျို၏ တန်ဖိုးကို အသိအမှတ်ပြုသည့်အနေဖြင့် ရွှေ၊ ငွေ၊ ဥစ္စာ ပစ္စည်းတို့ဖြင့် တောင်းရမ်းလက်ထပ် ယူကြပါသည်။ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက် လာသည်နှင့် အမျှ ထားဝယ်လူမျိုးတို့၏ လက်ထပ်ပွဲသည်လည်း ရှေးမူမပျက် ခမ်းနားထည်ဝါစွာ ကျင်းပနေကြပါသည်။

## မွန်တို့ဒေသ ကဆုန်လပြည့်နေ့နှင့် နိဗ္ဗာန်ဈေးပွဲတော်

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဝင်ဇာတ်တော်လာ ဗုဒ္ဓမြတ်စွာဖွားမြင်တော်မူသောနေ့၊ သဗ္ဗညုတဉာဏ်တော် ရရှိတော်မူပြီး (၄၅)ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးပြီး မဟာသက္ကရာဇ်(၁၄၈) ကဆုန်လပြည့်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့က ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်နေ့အဖြစ် သတ်မှတ်ကြသည်။ ဝိသေသ အထူးပြုသောနေ့မှာ ဘုရားပွင့်တော်မူသောနေ့၊ ဗုဒ္ဓအခါတော် နေ့ဟုသာ အသိများထင်ရှားပေသည်။ သိဒ္ဓတ္ထမင်းသားဘဝ ဖွားတော်မူသောနေ့တွင် ဗောဓိညောင်ပင်သည် ဖွားဖက်တော် အဖြစ်အတူတူ ပေါက်ဖွားတော်မူသည်။ သဗ္ဗညုတ ဉာဏ်တော်ရရှိတော်မူပြီး ဘုရားအဖြစ် ရောက်တော်မူ သောအခါ ဗောဓိညောင်ပင်ရင်း၌သာ ဘုရားဖြစ်တော်မူ သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် ဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ကိုးကွယ်တော်မူကြပါသည်။

**ဗောဓိညောင်ပင်စိုက်ပျိုးခြင်း**

ဗောဓိညောင်ပင်စိုက်ပျိုးခြင်း အကြောင်းမှာ ဓမ္မဒေသနာတော်လာ ဗုဒ္ဓမြတ်စွာသာသနာတော်မှာ အကြင်ပုဂ္ဂိုလ်သည် လောကီလောကုတ္တရာ အကျိုးနှစ်ဖြာ ရည်ရွယ်ကာ မဟာဗောဓိပင်ကို စိုက်ပျိုးပါလျှင်၊ လူချမ်းသာ နတ်ချမ်းသာ ခံစားစံစားပြီး နောက်ဆုံးဘဝတိုင် အဂ္ဂသာဝက

ဗောဓိဉာဏ်၊ ပကတိသာဝကဗောဓိဉာဏ်၊ မဟာ သာဝက ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သဗ္ဗညုတ ဗောဓိဉာဏ်၊ ဗောဓိဉာဏ်(၅)ပါးမှ တစ်ပါးပါးရရှိတော်မူပြီး နိဗ္ဗာန်ဝင်စံနိုင်ကြောင်း ဟောကြားထားသောကြောင့်လည်းကောင်း ဗောဓိညောင်ပင်ကို စိုက်ပျိုးကြပါသည်။

**ညောင်ရေသွန်းလောင်းခြင်း**

ဗုဒ္ဓဘာသာမွန်လူမျိုးတို့သည်လည်း ကဆုန်လပြည့်နေ့ ရောက်တိုင်း ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကာ ညောင်ရေသွန်းပွဲတော်ကို ကျင်းပကြပါသည်။ ကျင်းပခြင်း၏ အဓိကအကြောင်းအရင်းမှာ မြတ်စွာဘုရား၏ ဖွားဖက်တော် ဖြစ်တော်မူ၍လည်းကောင်း၊ မြတ်စွာဘုရားပွင့်တော်မူရာ ပင်ရင်းဗောဓိပင်နှင့် ရွှေပလ္လင်ကိုရည်ရွယ်၍(ပရိဘောဂစေတီ) လည်းကောင်း၊ မွန်ဒေသရာမညတိုင်း၌ ဆယ့်နှစ်လ ရာသီတွင် ကဆုန်လသည် အပူပြင်းဆုံးလ ရေအခမ်း ခြောက်ဆုံးလ ဖြစ်သောကြောင့် ဗောဓိပင်ရေခမ်း ခြောက်သွားမည်ကို စိုးရိမ်သောကြောင့် လည်းကောင်း ရည်ရွယ်ကာ ညောင်ရေသွန်းပွဲတော်ကို ကျင်းပကြခြင်း ဖြစ်သည်။

ညောင်ရေသွန်းပွဲတော်ကျင်းပသည့် ကဆုန်လပြည့် နေ့တွင် ညောင်ရေသွန်းလောင်းရန် ရောက်ကြသော ပရိသတ်များကို အကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးကြသည်။





D/mai than myint





"ဒါနံသဂ္ဂဿ သောပါနံ ဒါနံပါထေယျမုတ္တမံ

"ဒါနံဥဇုဂတမဂ္ဂံ၊ ဒါနံမုခ ပဒံဝရံ။

"ဒါနံဣဿရသမ္ဘူတံ၊ ဒါနံဘောဂေဥပဋ္ဌိတံ။

"ဒါနံအတ္တာနုရက္ခဋ္ဌ၊ဒါနံ သုခပဝဋ္ဌနံ။"

ဓမ္မဒေသနာတော်လာသည်နှင့်အညီ အလှူဒါနပြုလုပ်ခြင်းသည် နိဗ္ဗာန်အထိ အထောက်အပံ့အကျိုး သက်ရောက်နိုင်သည့် လူ၊ နတ်၊ နိဗ္ဗာန်သို့တက်ရောက်နိုင်ရန် စောင်းတန်းသဖွယ် ဖြစ်သည်ဟု ရည်ရွယ်ကာ လှူဒါန်းသည့်ပွဲတော်ကို နိဗ္ဗာန်စေျးပွဲတော်ဟု ခေါ်ဝေါ်ကြသည်။



## နိဗ္ဗာန်ဈေးပွဲတော်ကျင်းပခြင်း

နိဗ္ဗာန်ကို ရည်မှန်းကာ အလှူဒါနပြုကြသော မွန်တိုင်းရင်းသားတို့သည် ကဆုန်လပြည့်နေ့ နံနက်အာရုဏ် တက်ချိန်တွင် ဘုရားအနေကဇာတင်ခြင်း၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ သံဃာတော်များကို ဆွမ်းကပ်လှူဒါန်း ခြင်း၊ မွန်းလွဲပိုင်းမှ စတင်ကာ ရပ်ကွက်အလိုက်စုပေါင်း၍ လှူဒါန်းခြင်း တစ်ဦးတည်း တစ်သီးပုဂ္ဂလသီးသန့် လှူဒါန်း ခြင်းများဖြင့် စည်ကားလှပါသည်။ လှူဒါန်းသောစားသောက် ဖွယ်ရာစားစရာများမှာ “အုန်းနို့ခေါက်ဆွဲ၊ ဆန်ပြုတ်၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ အကြော်မျိုးစုံ၊ ရွှေရင်အေး၊ ရေခဲမုန့်၊ ခေါက်ဆွဲကြော်၊ ကြာဇံဟင်းခါး၊ ဓနီးယို၊ အချိုရည်ဗူးမျိုးစုံ၊ မုန့်ထုပ်မျိုးစုံတို့ကို ကမ်းလှမ်းဝေငှခြင်း၊ ဆန်ထုပ်၊ ကြက်သွန်နီထုပ်၊ ပဲနို့၊ ဂျယ်လီဗူး၊ ချိုချဉ်ထုပ်များ ပေးကမ်းဝေငှခြင်း၊ ဗလာမပါစာရေးတံမဲ(ကံစမ်းမဲ) မဏ္ဍာပ်များဖြင့် ရပ်ကွက်တိုင်းတွင် လှူဒါန်းပေးကမ်း ဝေငှနေကြသည့်ဓလေ့မှာ နိဗ္ဗာန်သို့ တက်လှမ်းနိုင်ရန် စောင်းတန်းသဖွယ်ဖြစ်နေသောကြောင့် နိဗ္ဗာန်စေ◌ျးပွဲတော်ဟု ခေါ်ဝေါ်ကြဟန်တူသည်။

ယခုတင်ပြခဲ့သော မွန်တို့ဒေသ ကဆုန်လပြည့် နေ့တွင်ပြုလုပ်သည့် ညောင်ရေသွန်းပွဲတော်နှင့် နိဗ္ဗာန် စေ◌ျးပွဲတော်သည် မွန်ဓလေ့ ဒြမ်မဲ့ယဉ်ကျေးမှုအမွေအနှစ်

တစ်ခုအဖြစ် တည်တံ့လျက်ရှိပါသည်။ ၎င်းဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်လူငယ်လေးများက လက်ဆင့်ကမ်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ နောင်တွင်လည်း ဆက်လက်၍ လက်ဆင့်ကမ်းနိုင်မည်ဟု မျှော်မှန်းရသောကြောင့် ဤဒြပ်မဲ့ယဉ်ကျေးမှုဓလေ့ အစဉ်တည်တံ့ နေမည်ဖြစ်ပါသည်။

## ဒိုင်းနက်လူမျိုးတို့၏လက်ထပ်မင်္ဂလာ

ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်မျိုးနွယ်စုဝင် ဒိုင်းနက်လူမျိုးတို့၏ မင်္ဂလာဆောင် အကြောင်းအရာအား အောက်ပါအတိုင်းရေးသားဖော်ပြအပ်ပါသည်-

**လက်ထပ်မင်္ဂလာ**

ဒိုင်းနက်အမျိုးသားတို့တွင် ထိမ်းမြားမင်္ဂလာ မပြုမီ စေ့စပ်ပွဲလုပ်ရသည့်ဓလေ့ရှိသည်။ တရားဝင် စေ့စပ်ပွဲမလုပ်ဘဲ သတို့သားလောင်းမိဘနှင့် သတို့သမီးလောင်း မိဘတို့သည် ဗေဒင်ဆရာ အသီးသီးပင့်ဖိတ်၍ သတို့သမီးလောင်း၏ မိဘနေအိမ်တွင် စိစစ်ကြရသည်။ နေ့နံသင့်/မသင့်တို့ကို ဗေဒင်ဆရာတို့က တွက်ချက်ကြရသည်။ ဗေဒင်အလို မှန်ကန်ပြီးမှသာလျှင် နှစ်ဦးနှစ်ဖက် သဘောတူလက်ခံကြ ရသည်။

ထို့နောက် တရားဝင်စေ့စပ်ပွဲကို ပြုလုပ်ကြရ သည်။ သင့်တင့်သောနေ့တစ်နေ့ကို သတ်မှတ်ကြရပြီး ယင်းနေ့တွင် သတို့သားလောင်း၏မိဘဘက်မှ အခမ်းအနား ဖြင့်သွားရသည်။ သတို့သမီးလောင်းစေ့စပ်ပွဲ(ဗုခ္ခါဟုခေါ်သည်) အတွက်သတို့သားလောင်း၏ မိဘဘက်မှ အညွန့်ရှင် အမျိုးသမီး (လင်သေ/သားသေ/လင်ကွာ မဟုတ်သူ) တစ်ဦးက ဆေး၊ ကွမ်းအစုံတို့ကို ပုဝါနှင့်ထုပ်၍ ယူသွား ရသည်။ ထိုအညွန့်ရှင်အမျိုးသမီး (ဂေါ်မ်မာနုဟု ခေါ်သည်)က ရှေ့ဆုံးမှသွားရသည်။ စတင်သွားရချိန်မှာ ဒီရေစတက်ချိန်တွင်

ဖြစ်သည်။ များသောအားဖြင့် နံနက်ပိုင်း ဒီရေတက်ချိန်ကို ရွေးချယ်လေ့ရှိကြသည်။ ဆေး၊ ကွမ်းအစုံကို ထမ်းသော သူသည် ယင်းပစ္စည်းများကို သတို့သမီးလောင်း၏ မိဘအိမ်ပေါ်သို့ မရောက်မချင်း အောက်သို့မချရချေ။ နိမိတ် မကောင်းဟု ယူဆကြသည်။

သတို့သားလောင်း၏ မိသားစုအဖွဲ့ သတို့သမီး လောင်းအိမ်သို့ ရောက်ချိန်တွင် သတို့သမီးလောင်း မိဘမှ ယင်းတို့၏ ဆွေမျိုးများကို ခေါ်ယူထားပြီးဖြစ်ရသည်။ သတို့သားလောင်းဘက်မှ ဆေး/ကွမ်း လက်ဆောင်များကို သတို့သမီးလောင်းဘက်သို့ ပေးကမ်းပြီး ပွဲစတင်ရသည်။ ထိုသို့စတင်ရာတွင် သက်သေ(၄)ဦးရှေ့မှောက်၌ စေ့စပ်ကြောင်း အမှတ်အသားအဖြစ် ငွေသားဒင်္ဂါး (ဇော်ရာဒင်္ဂါးဟုခေါ် သည်) တစ်ခုကို သတို့သားလောင်းဘက်မှ သတို့သမီး လောင်းဘက်သို့ ပေးရသည်။ ဤဒင်္ဂါးပေးအပ်မှုမှာ လက်ထပ်ထိမ်းမြားမှု ကတိကဝတ် မပျက်ရေးအတွက် ဖြစ်သည်။ ဤဒင်္ဂါးကို လက်ခံပြီးနောက်သတို့သမီးဘက်မှ ထိမ်းမြားဆောင်နှင်း ရန်ပျက်ကွက်ပါကလျော်ကြေးအဖြစ် ငွေသားဒင်္ဂါး (၆၀)ကို ပေးလျော်ရမည်ဖြစ်ပြီး အကယ်၍ သတို့သားဘက်မှ ပျက်ကွက်ခဲ့ပါကငွေသားဒင်္ဂါး (၃၀) ပေး လျော်ရမည် ဖြစ်သည်။

ဤကဲ့သို့ကတိကဝတ်ပြုရာတွင် အသုံးပြုသော ငွေသားဒင်္ဂါးပြားကို သတို့သမီးဘက်မှငွေ လက်စွပ် ၃

ကွင်းပြုလုပ်ရသည်။ ပထမ နှစ်ကွင်းမှာ တစ်မတ်သားစီ အလေးရှိရပြီး ကျန်တစ်ကွင်းမှာ ငါးမူးသားအလေးရှိ ရသည်။ တစ်မတ်သားလက်စွပ် တစ်ကွင်းကို အညွှန့်ရှင် အမျိုးသမီးအား ပေးရပြီး ကျန်၂ကွင်းကိုမူ သတို့သမီးက ဝတ်ရသည်။ မဝတ်လိုကလည်းရသည်။ သို့ရာတွင် တခြားမည်သည့် တစ်ဦးတစ်ယောက်ကိုမှ ပေးရိုးထုံးစံ မရှိချေ။ ဤလက်စွပ်ကို မင်္ဂလာလက်စွပ်ဟု သတ်မှတ် ကြသည်။

ထိမ်းမြားမည့်နေ့တွင် သတို့သမီးသည် မိမိ နေအိမ်တွင် ဝတ်ကောင်းစားကောင်းဝတ်၍ မိမိအပျိုဖော် များနှင့်နေရပြီးအိမ်တွင်မင်္ဂလာစားပွဲတစ်ခုကိုထားရသည်။ စားပွဲပေါ်တွင် ချက်ပြုတ်ပြီးသား ထမင်း၊ အာတာလွတ်ဥ၊ အာလူး၊ကန်စွန်းဥ၊ ပိန်းဥစသည်ဖြင့် သစ်ဥ ၅ မျိုး သို့မဟုတ် ၇မျိုးကို ထည့်ရသည်။ မည်သည့်သားငါးကိုမျှ \မထည့် ရပေ။ သက်သက်လွတ်ဟင်းဖြင့် မင်္ဂလာယူမည့် သဘောပင် ဖြစ်သည်။

ထိုမင်္ဂလာဟင်းများအပြင် သပြေညွှန့် (၇)ညွှန့်ပါသော ရေစင်အိုးငယ် တစ်လုံးကို တင်ထား ရသည်။ ထိုအိုးငယ်တွင် မည်သည့်ချည်မျှင်မှ ရစ်ပတ်ရန် မလိုချေ။

မင်္ဂလာဆောင်မည့်နေ့တွင် သတို့သားသည် အခြံ အရံမိသားစုဖြင့် ဒီရေတက်ချိန်၌ စတင်ထွက်ခွါလာရ သည်။ သတို့သားတွင် ဝတ်ကောင်းစားကောင်း ဝတ်ထား သော်လည်း ခေါင်းပေါင်းဝတ်ရန်မလို ဓါးတစ်လက်ကို



ကိုင်ထားရပြီး တဘက်ကိုမူရုံထားရသည်။ သဘော်ဖျာ တစ်လိပ်ကို နေ့သင့်နံသင့် လူပျိုရုံတစ်ဦးက ထမ်းယူခဲ့ ရပြီး သတို့သားသည် တခြားရွာမှ ဆိုပါက ရွာဝင်ခပေးရ သည်။

သတို့သားဘက်မှ သတို့သမီးအိမ်သို့ ရောက်သော အခါ သတို့သားသည် အိမ်ပေါ်သို့ချက်ချင်း တက်ခွင့်မရ သေးပဲလှေကားရင်းတွင် စောင့်နေရသေးသည်။ ထိုအခါ သတို့သမီး၏မောင် သို့မဟုတ် ညီမတော်စပ်သူ တစ်ဦးဦးက သတို့သား၏ဘယ်ဘက်လက်သန်းကို အပ်ချည်ဖြင့် (၇) ပတ် ရစ်ပြီး ကြက်ဥတစ်လုံးကို သတို့သားလက်သို့ပေးအပ်ရသည်။ သတို့သားသည် ထိုကြက်ဥကို မိမိ၏နောက်ဘက်သို့ ဦးခေါင်းကိုကျော်၍ ပစ်ရသည်။ ထိုကြက်ဥသည် မည်သည့် အရာဝတ္ထု သို့မဟုတ် လူတစ်ဦးဦးကို ထိမှန်သည်ဖြစ်စေ ကွဲမှသာ မင်္ဂလာရှိသည်ဟု ယူဆကြသည်။

ထို့နောက် ကြက်ဥပေးသူက သတို့သားကို အိမ်ထဲရှိ မင်္ဂလာခန်းသို့ ခေါ်ဆောင်သွားသည်။ မင်္ဂလာ အခန်းတွင်မူ သတို့သမီး၏ မိဘများက သင့်တင့်သည့် နေရာတွင် ထိုင်နေရသည်။ သတို့သမီးကိုမူ အပျိုရံများက ဝိုင်းရံ ကာဆီးထားရပြီး သတို့သားဘက်မှ လူပျိုရံများက ဝိုင်းရံ ထားသူအားလုံးကို လက်ဖြင့်ဆွဲ ဖယ်ရှားပြီး သတို့သမီးအား မင်္ဂလာစားပွဲရှိနေရာတွင် ထိုင်စေရသည်။ ဤကဲ့သို့ပြုခြင်းမှာ လူငယ်များပျော်ရွှင် မြူးတူးရန် ဖြစ်သည်ဟု ဆိုကြသည်။



သတို့သားသည် မိမိနေရာတွင် ထိုင်လိုက်သောအခါ လက်ထပ်ပွဲကိုစတင်ရသည်။ လက်ထပ်ပေးမည့် သူများမှာ အညွှန့်ရှင် ၂ ဦးဖြစ်သည်။ နေ့သင့်နံသင့် သူများဖြစ်ပြီး သတို့သားဘက်မှတစ်ဦးနှင့် သတို့သမီး ဘက်မှတစ်ဦး ဖြစ်သည်။ ၎င်းတို့ကလက်ထပ်ခွင့်ကို သတို့သမီး၏မိဘထံမှ ခွင့်တောင်းရသည်။ ဤလက်ထပ်ပွဲကို အချိန်မဆွဲသင့်ကြောင်း၊ ရက်မရွှေ့သင့်ကြောင်း အကြံပေးပြောဆိုရသည်။ သတို့ သမီး၏မိဘများမှ သဘောတူသည့်အခါ လက်ထပ်ပေးမည့်သူ (အညွှန့်ရှင်) ၂ဦးက သတို့သား၏ညာဘက်လက်နှင့် သတို့ သမီး၏ဘယ်ဘက်လက်တို့ကို ထပ်ပေးပြီး ရေစင်သွန်းလောင်း ပေးရသည်။

ရေစင်သွန်းလောင်းပြီးနောက် သတို့သားမှ သတို့ သမီး၏မိဘတို့ကို ဆေးလိပ်(၂)လိပ်၊ ဆန်စေ့(၇)စေ့ လက်အုပ်တွင်ထည့်၍ ရှိခိုးပူဇော်ရသည်။ ဆေးလိပ် (၂ )လိပ်ကို အပူဇော်ခံမိဘများမှယူရပြီး ဆန်စေ့ကိုမူ သတို့သားမှ မြေတွင်ပစ်ချလိုက်ရသည်။ သတို့သားကို ယောက္ခမများမှ ဝတ္ထုပစ္စည်းလက်ဆောင်ပေးရသည်။

လက်ထပ်ပွဲပြီးနောက် ဧည့်သည်များကို သတို့သမီး အိမ်မှထမင်းကျွေးရသည်။ ကျွေးသောထမင်းပွဲ၌ ငှက်ပျောအူဟင်း (အသုပ် သို့မဟုတ် ချက်ပြီး) ပါရမည်။ ဧည့်ပရိတ်သတ်များသည် ငှက်ပျောဟင်းကိုစားပြီးမှ

(စတိသဘောတစ်လုပ်၊နှစ်လုပ်စားနိုင်သည်)ကျန်ဟင်းများကို စားနိုင်သည်။

မင်္ဂလာဆောင်ပြီး (၅)ရက် သို့မဟုတ် (၇)ရက်မြောက်သော နေ့တွင် သတို့သမီးကိုသတို့သားမိဘတို့မှ ပြန်ခေါ်ယူရသည်။ ၎င်းကိုချွေးမချ(သူခေါ်ဇာဇာတာ) ဟုခေါ်သည်။ ထိုနေ့တွင် သတို့သား၏ အိမ်မှချွေးမသစ်အတွက် အင်္ကျီ၊ ထမီသစ် များကို တောင်းတစ်ခုတွင်ထည့်၍ အညွန့်ရှင်တစ်ဦးမှ ထမ်းရွက်ယူရသည်။ ထို့ပြင် ကောက်ညှင်းဆန်ဖြင့်ပြု လုပ်သော မုန့်တစ်မျိုး (များသောအားဖြင့်တစ်ထုပ်)ကို အခြားအညွန့်ရှင် တစ်ဦးမှထမ်းရသည်။ ထိုမုန့်အားဆား သပ်သပ်ဖြင့်သာ ပြုလုပ်ရပြီး အချို၊ အချဉ်၊ အခါး၊အစပ်တို့ မပါရချေ။ ထိုမုန့်တောင်းအား အဝတ်ဖြူဖုံးလွှမ်း၍ယူဆောင် သွားရသည်။

မုန့်တောင်းဖြင့်ထမ်းယူသွားသည့် မုန့်ကို သတို့ သမီး၏ မိခင်ကမယူမချင်း မုန့်တောင်းက မည်သည့် နေရာတွင်မျှမချရချေ။ ထိုမုန့်ကို သတို့သမီး၏မိခင်မှ ပထမဆုံးယူမှသာ တစ်ခြားလူ များစားခွင့်ရှိသည်။ ပထမ ဆုံးယူလာသောမုန့်ကို ချွေးမအား ခေါ်ယူလာသည့်အခါ ပြန်၍ယူခဲ့ရသည်။ ထိုမုန့်ကိုသတို့သား အိမ်၌(၇)ရက်တိတိ ထားပြီးမှစားရသည်။

အထက်ပါမင်္ဂလာဆောင် လက်ထပ်ပုံစနစ်မှာ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်တို့ရှိ ဒိုင်းနက်အမျိုးသားတို့၏ ဓလေ့များပင်ဖြစ်ကြပါသည်။ မောင်တောမြို့နယ်၊ တမန်းသား ပတ်ဝန်းကျင်ရှိ ဒိုင်းနက်အမျိုးသားတို့၏ လက်ထပ် ဓလေ့မှာ အနည်းငယ်ထူးခြားသဖြင့် အောက်တွင်သီးခြား ဖော်ပြထားပါသည်။

မင်္ဂလာဆောင်မည့်နေ့တွင် သတို့သားနှင့်အဖွဲ့သည် အခမ်းအနားဖြင့်သွားရသည်။ အညွန့်ရှင် အမျိုးသားကြီး တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှ ရှေ့ဆုံးမှ သွားရသည်။ ယင်းနောက် သတို့သား၏ မိဘတို့မှလိုက်ရသည်။ ယင်းနောက်သတို့သား၏ အဝတ်ထုပ်ကို ဘယ်ဘက်၊ ဓါးရှည်တစ်ချောင်းကို ညာဘက်ဖြင့် ကိုင်ထားသူ တစ်ဦးမှ လိုက်ရပြီး သတို့သားမှသွားရသည်။ သတို့သား၏ ညီမှ သဘော်ဖျာတစ်လိပ်နှင့် ယပ်တစ်ခုကို ကိုင်လျက် နောက်မှလိုက်ရသည်။ သတို့သား၏ ခယ်မလောင်းသည် သတို့သမီးအတွက် အဝတ်၊ ခြေကျင်း၊ လက်ကောက်နှင့် ခေါင်းပေါင်းစ တစ်ခုတို့ကို တောင်းတစ်လုံးတွင် အဖုံး အပိတ်ဖြင့် ထည့်၍လိုက်ရပါသည်။

သတို့သမီးအိမ်သို့ ရောက်သွားသောအခါ သတို့သားမှ အိမ်ပေါ်သို့မတက်မီ ယောက်ဖလောင်းတစ်ဦးမှ သတို့သားအား ချည်မျှင်(၇)မျှင်ဖြင့် စည်းတားရသည်။ ယင်းတားဆီးမှုအား

ပယ်ဖျက်ရန်အတွက် သတို့သားအိမ်မှ ကြက်တစ်ကောင် ပြုတ်ပြီး ငရုပ်၊ ကြက်သွန်ထည့်၍ ဝေခြမ်းပြီး အရက်နှင့် တကွထည့်ွ်ထားသည့် ပန်းကန်အားယူလာရသည်။ ယင်း ငါးဟင်းများကို ယောက်ဖလောင်းမှကိုင်ပြီး တားထားသော ချည်မျှင်တို့ကိုဖွင့်၍ ဝင်ရသည်။

ထိမ်းမြားမည့်အခန်းတွင် မင်္ဂလာစားပွဲတစ်ခု ရှိပြီး ယင်းအပေါ်၌ ထမင်းတစ်ပန်းကန်၊ ကြက်သား သို့မဟုတ် ဝက်သားဟင်းတစ်ခွက်တို့ကို တင်ထားရသည်။ သတို့သား နှင့်သတို့သမီးတို့သည် ယင်းမင်္ဂလာ စားပွဲတွင်ထိုင်ရသည်။ ၎င်းတို့ကို သတို့သားအိမ်မှ ပါလာသောခေါင်းပေါင်းဖြင့် ခါးတွင် ချည်နှောင်ရသည်။ ချည်နှောင်ပုံမှာတစ်စကို သတို့သားညီမှ ယူ၍ သတို့သား၏ ခါးတွင်လည်းကောင်း၊ ကျန်တစ်စကို ခယ်မလောင်းမှယူ၍ သတို့သမီး၏ ခါးတွင်ချည်ရသည်။

ထိုနောက် သတို့သား၏ညီက မင်္ဂလာစားပွဲမှ ထမင်းတစ်လုပ်နှင့် ငါးဟင်းတစ်ဖတ်အား လက်ဖြင့်ယူ၍ သတို့သမီး(မိမိမရီးလောင်း) အားပေးရသည်။ သတို့သား၏ ခယ်မလောင်းမှလည်း ထိုနည်းအတိုင်းယူ၍ မိမိ၏ခဲအို လောင်းအားပေးရသည်။ ယင်းနောက် မင်္ဂလာဆရာလုပ်သူ တစ်ဦးမှ သတို့သား၏ညာလက်နှင့် သတို့သမီး၏ ဘယ်လက် တို့ကိုကိုင်၍ ပရိတ်သတ်ဘက်သို့လှည့်ပြီးလျှင် "ဤသတို့ သား သတို့သမီးတို့၏လက်ထပ်ပွဲကို ကျေနပ်ကြပါသလား" ဟု သုံးကြိမ်တိုင်တိုင်မေးမြန်းရသည်။ ကျေနပ်ကြကြောင်း

ဖြေပေးပြီးမှသာ မင်္ဂလာဆရာက မင်္ဂလာစားပွဲမှ ထမင်း တစ်ဆုပ်၊ ဟင်းနှင့်အရက်တစ် ခွက်တို့ကိုယူ၍ အိမ်ကြမ်း ပေါက်အောက်တွင် အသင့်မီးမွေးထားသော မီးဖိုပေါ်သို့ သွန်လောင်းချလိုက်ရသည်။ (ဤသို့သွန်ချခြင်းမှာ သတို့သား နှင့်သတို့သမီးတို့၏ရန်သူကို သတ်ပစ်သည့် သဘောပင် ဖြစ်သည်ဟု ယုံကြည်ကြသည်။)

ဤသို့ပြုပြီးနောက် ခါးတွင်ချည်နှောင်ထားသော ခေါင်းပေါင်းစကို ဖြုတ်ပစ်လိုက်ကြရသည်။ လာရောက် ကြသည့် ပရိတ်သတ်တို့သည် လင်မယား အသစ်တို့ကို ဆုပေးကြသည်။လင်မယားအသစ်တို့ဘက်မှလည်း ပရိတ်သတ် တစ်ဦးအား အရက်တစ်ခွက် သို့မဟုတ် အရက်မကြိုက် သူအား ဆေးလိပ်၊ ကွမ်းယာတစ်ခုခု လက်ဆောင်ပြန်ပေး ရသည်။လင်မယား အသစ်တို့မှာကား ရှိခိုးသည့်ဟန်ဖြင့် ထိုင်နေရပြီး ဦးခေါင်းတွင်ခေါင်းပေါင်း၊ ပုဝါတို့ကို ဆောင်ထား ရသည်။

ထိမ်းမြားပြီး၍ (၃ရက် (သို့) ၅ရက် (သို့) ၇ရက်) လွန်မှ မိန်းကလေးဘက်မှ ရွာသားများက သတို့သမီးကို သတို့သား၏ အိမ်သို့ ပြန်ပို့ရလေသည်။ အိမ်သို့ရောက် သောအခါ သတို့သား ၏မိခင်မှ ချွေးမသစ်၏ဘယ်ဘက် လက်ညိုးကို ကိုင်၍ “ ယခုမှ စ၍ ဤမိန်းကလေးသည် ငါ၏ချွေးမဖြစ်ပြီ” ဟု လူကြား အောင်ကြေငြာပြီး အိမ်ခန်း ထဲသို့ ခေါ်ယူသွားရသည်။ ထို့နောက် ရောက်လာသည့် ပရိတ်သတ် တို့ကိုထမင်းကျွေးရလေသည်။

## တိုင်းလေရှမ်းရိုးရာ ဝက်သားဖုတ်အစားအစာ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စု များစွာ ရှိသည့်အနက် ကချင်ပြည်နယ်တွင်နေထိုင်သော ရှမ်းမျိုးနွယ်စု များလည်း ရှိပါသည်။ ကချင်ပြည်နယ်တွင် ရှမ်းမျိုးနွယ်စု (၅)မျိုး ရှိပါသည်။ ၎င်းရှမ်းမျိုးနွယ်စုများတွင် ထင်ရှားသည့် ရိုးရာဓလေ့၊ စာပေ၊ အနုပညာ၊ အစားအစာ၊ ယဉ်ကျေးမှု၊ အက၊ တူရိယာ စသည်ဖြင့် များစွာရှိပါသည်။ ထိုသို့ ထင်ရှားသည့် ရိုးရာယဉ်ကျေးမှုများမှ တိုင်းလေရှမ်းမျိုး နွယ်စု၏ "အီးမူဖောင်" ခေါ် “ဝက်သားဖုတ်” ခေါ် “ဝက်ကောင် လုံးမီးကင်” ဟင်းလျာသည် အရသာထူးကဲကောင်းမွန် ခြင်းကြောင့် ထင်ရှားကျော်ကြား၍ လူကြိုက်များသော ဟင်းလျာတစ်မျိုးဖြစ်ပါသည်။

တိုင်းလေရှမ်းတိုင်းရင်းသားတို့၏ ဝက်သားဖုတ် အစားအစာ ပြုလုပ်ရာတွင် ပါဝင် သော ပစ္စည်းများမှာ-

- ဆယ်ပိဿာအရွယ် ဝက်တစ်ကောင်
- ( ၁၀ )ပေခန့် ရှည်သော ဝါးတစ်ချောင်း
- ငှက်ပျောရွက်ခြောက် တစ်ပိဿာခန့်
- အချည်ရည် (နံနံမိတ်စေ့၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ဂျင်းအနည်းငယ်)တို့ဖြစ်သည်။

ပထမဦးစွာ ဝက်တစ်ကောင်လုံး၏ အမွေးကို ပြောင်သွားရန် သက်ကယ်ခြောက်ကို မီးရှို့၍ မြိုက်ပြီး



ဝက်မီးကင်နေပုံ



မီးကင်ပြီးနောက် သန့်ရှင်းအောင် ဆောင်ရွက်နေပုံ



သန့်ရှင်းရေးဆောင်ရွက်ပြီးပုံ



အချည်ရည်တို့စရာများဖြင့် စားသုံးနိုင်ရန် ဓားဖြင့်
လှီးဖြတ်ထားပုံ

ဝါးခြမ်းပြားဖြင့် ဝက်၏အမွေးများကို ခြစ်ပစ်ရပါသည်။ ဝက်မွေးခြစ်ပြီးနောက် ဝက်၏ဗိုက်ကို ခွဲ၍ အတွင်းကလီစာများကို ထုတ်ယူရပါသည်။

ထို့နောက် ဝက်၏ခေါင်းဘက်မှ စအိုဘက်သို့ ဝါးအချွန်ဖြင့်ထိုးပြီး မီးရဲရဲတွင် ကင်ရပါသည်။ မီးကင်သောအချိန်တွင် မီးအပူရှိန်ကြောင့် အခေါက် မကွဲသွားစေရန်နှင့် အဆီထွက်သွားစေရန် အခေါက်ကိုအချွန်ဖြင့် ထိုးဖောက်ပေး၍ အနံ့သင်းပျံ့စေရန်အတွက် ထိုဖောက်ထားသောနေရာများတွင် ဂျင်းအရည်များဖြင့် ဖျန်းပက်ပေးရပါသည်။

ဝက်ကို ကင်နေသည့်အခါ မီးမကျွမ်းသွားစေရန် ရေဖြင့်ဖျော်ထားသော ပြာဖြင့်လူးပေး ရပါသည်။ ဝက်အကောင်ကြီးပါက အတွင်းပိုင်းကျက်စေရန် မီးဖုတ်ထားသော ကျောက်ခဲပူပူကို ဝက်၏ဗိုက်ထဲတွင် ထည့်ပေးရပါသည်။ ဝက်အကောင်သေးပါက ကျောက်ခဲပူအား ထည့်စရာ မလိုပါ။ ဝက်အတွင်းပိုင်းကျက်စေရန်အတွက် ဝက်မီးကင် နေသည့် မီးဖိုကို အနည်းငယ်ဖယ်ပြီး ၎င်းနေရာကျင်းတူး၍ ဝက်တစ်ကောင်လုံးကိုထည့်ပြီး အပေါ်တွင် ကောက်ရိုးကို ရေဆွတ်၍ အုပ်ပေးရပါသည်။

ဝက်ကောင်လုံးကျက်သည်အထိ မီးအုံးပြီးနောက် ၎င်းဝက်ကောင်လုံးကို သန့်ရှင်းအောင် ရေဖြင့်သန့်စင် ဆေးကြော၍ အနေတော်ဖြစ်အောင် ဓါးဖြင့် လှီးဖြတ်၍ အချဉ်ရည်တို့စရာ များဖြင့် တွဲဖက်စားသုံးနိုင်ပါသည်။

ဝက်မီးဖုတ်ဖြင့် တွဲဖက်စားသုံးရန် အချည်ရည်ကို ဝက်အသည်း (အချို့ဒေသများတွင် ဝက်ဦးနှောက်ကို သုံးပါ သည်)အား တောက်တောက်စင်းပြီးနောက် နမ့်ဆူ (ခေါ်) အချည်ရည် (မုန်လာဥဖြူအရွက်ကိုခြောက်အောင် နေလှန်း ပြီးနောက် ကျိုချက်၍ရရှိလာသော အရည်တစ်မျိုး)နှင့် ဆား၊ နံနံမိတ်စေ့၊ ငရုတ်သီး၊ ကြက်သွန်ဖြူ၊ ဂျင်းအနည်းငယ်တို့ကို ရောစပ်ကာ ပြုလုပ်သည်။

တိုင်းလေရှမ်းတိုင်းရင်းသားတို့၏ ဝက်မီးဖုတ်ဟင်းလျာ သည် စီးပွားဖြစ်ရောင်းချခြင်းမျိုး မရှိကြသော်လည်း မင်္ဂလာပွဲ၊ အလှူပွဲစသော အရေးပါသည့် အထိမ်းအမှတ်ပွဲ များတွင် မပါမဖြစ်သော အထူးဟင်းလျာတစ်မျိုး ဖြစ်ပါ သည်။

## အဲန်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့အကြောင်း

၂၁ရာစုတွင် ဂလိုဘယ်လိုက်ဇေးရှင်းဟူသည့် ဝေါဟာရနှင့်အတူ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်လာပြီးဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နေရာအနှံ့တွင် ဖြစ်ပျက်နေသော အကြောင်းအရာပေါင်းစုံကို သိရှိလာခဲ့သည်မှာ အမှန်ပင်ဖြစ်ပေသည်။အကြောင်းမှာ သွားလာရ ခက်ခဲကြမ်းတမ်းပြီး လူသိနည်းသော ဒေသများအနက် အဲန်လူမျိုးစုတို့နေထိုင်ရာ သီးသန့် ကမ္ဘာလေးလည်း ပါဝင်လာပါသည်။ အဲန်တိုင်းရင်းသား လူမျိုးတို့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် အတွင်းတွင် ရိုးရာဓလေ့ထုံးတမ်းများ၊ ဆင်ယင်ထုံးဖွဲ့မှုများနှင့် ရိုးရှင်းစွာနေထိုင် ရှင်သန်ကြသောလူမျိုးတစ်မျိုး ဖြစ်ပါသည်။

အဲန်တိုင်းရင်းသားလူမျိုးတို့သည် ရှမ်းတိုင်းရင်းသားလူမျိုးနွယ်ဝင် ဖြစ်၍ အဲန်လူမျိုးစုမှာမြန်မာတိုင်းရင်းသား (၁၃၅)မျိုး စာရင်းဝင်ဖြစ်ပြီး ကိုယ်ပိုင်ဘာသာစကားရှိသည်မှာထူးခြားမှုဖြစ်သည်။အဲန်လူမျိုးစုမှာ ရှေးစော်ဘွားများလက်ထက်က ဆင်းထိန်း၊ မြင်းထိန်းအနွယ်တော်များမှ ဆင်းသက်လာသူများဟုဆိုကြပြီး အဲန်ဆိုသည်မှာ ရှမ်းဘာသာဖြင့် လျင်မြန်ဖြတ်လတ်သူများဟု အဓိပ္ပာယ်ရပါသည်။ အဲန်လူမျိုးတို့သည် ရှမ်းလူမျိုးစုတွေထဲမှ လူမျိုးတစ်စု

အပါအဝင်ဖြစ်ပြီး ၎င်းတို့သည် ရှမ်းစကားနှင့် အဲန်စကားကို အဓိက ပြောဆိုနိုင်ပါသည်။

အဲန်လူမျိုးများနေထိုင်ရာကျေးရွာတို့တွင် သွားရေးလာရေး ခက်ခဲသော်လည်း ရှေးရိုးရာဆန်ဆန် ဝတ်စုံအနက်ရောင် ဝတ်ဆင်ထားသော အဲန်ရွာသားများသည် သွားမည်းများ ပေါ်အောင်ရယ်တတ်ခြင်း၊ ရိုးသားပျူငှာစွာ ကြိုဆိုတတ်ကြခြင်းတို့ကြောင့် နိုင်ငံခြားသား ခရီးသွားများကို စိတ်ဝင်စားမှုများစွာဖြင့် ဆွဲဆောင် ထားနိုင်ခဲ့ပါသည်။

အဲန်တိုင်းရင်းသားလူမျိုးတို့နေထိုင်သည့် ခြေတံရှည်အိမ်အများစု၏ ကွပ်ပျစ်အဝင်တွင် လက်ရက်ကန်းစင်လေးများကိုလည်း တွေ့မြင်နိုင်ပြီး ရိုးရာအဝတ်အစား များကို ၎င်းတို့ကိုယ်တိုင် ဖန်တီးရက်လုပ် ဝတ်ဆင်ကြလေ့ရှိကြသည်။ တောင်ယာစိုက်ပျိုးချိန် မဟုတ်သော်လည်း အဲန်လူမျိုးများမှာ အနားမနေနိုင်ပေ။ ခြင်းရက်လုပ်ခြင်း ကဲ့သို့ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများ ပြုလုပ်ခြင်း၊ တောလိုက်ထွက်ခြင်းများနှင့် မိုးဦးမကျမီ နေအိမ်ခေါင်မိုးများလဲလှယ်ရန် သက်ကယ်များ ရက်လုပ်ခြင်းများကို အားသွန်ခွန်စိုက် ပြုလုပ်ကြပါသည်။





D/mai than myint



အဲန်လူမျိုးစုများမှာ တောင်ပေါ်ဒေသများတွင် အခြေတည်နေထိုင်ကြ၍ သောက်သုံးရေရရှိမှု ခက်ခဲ ရှားပါးရာ ရက်ရှည်လများ ရေချိုးခြင်းမရှိကြပေ။ ထို့ကြောင့် ရေမချိုးသည့်လူမျိုးများဟုလည်း ပြောစမှတ် ရှိ၏။ ထို့ပြင် သွားမည်းမှ လှသည်ဟုယူဆထားသည့် အဲန်လူမျိုးများမှာ သစ်ရွက်ခြောက်နှင့် ဆေးနီ သစ်ခေါက်ကိုအခွံခွာ၍ ကွမ်းယာ ကဲ့သို့ အမြဲတစေ ဝါးနေလေ့ရှိကြသကဲ့သို့ အမျိုးသမီးများမှာ သစ်ခေါက် တစ်မျိုးမှရရှိသည့် အခေါက်ကို အဆီရရှိရန် မှိုင်းတိုက်၍ သွားများကို လိမ်းကျံလေ့ရှိကြ၏။ သွားများမည်း စေရန် အစတွင် တစ်ရက်နှစ်ကြိမ်ခန့် သုတ်ပေးရပြီး သွားများ အမည်းရောင်သို့ ပြောင်းသွားသည့်အခါတွင် တစ်ပတ်လျှင် တစ်ကြိမ်သာ ဆက်သုတ်ပေးရပါသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ သွားမည်းစေရန်ထက် ခံတွင်းနံ့ ကင်းစေရန်နှင့် သွားကိုက် သွားနာ မဖြစ်စေရန်သာ မကဘဲ သွားမည်းမသုတ်ထားပါက အဲန်လူမျိုးဟု မသတ်မှတ်ဘဲ ကဲ့ရဲ့ခြင်းစသည့် အယူအဆ ယုံကြည်ချက်များကြောင့်သာ သက်ဆိုင်ပေသည်။














D/mai than myint

အဲန်တိုင်းရင်းသားလူမျိုးတို့သည် ရိုးရာဓလေ့နှင့် ခိုင်မာသည့် ယုံကြည်ကိုးကွယ်မှုရှိပါသည်။ အဲန်လူမျိုး တို့သည် နတ်ကိုးကွယ်မှုကို ခိုင်ခိုင်မာမာယုံကြည် နေဆဲဖြစ်ပြီး မိရိုးဖလာရိုးရာနတ်များက ၎င်းတို့၏ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေး ကိစ္စတွေကို ဖြည့်ဆည်းပေး နေသည်ဟု ယုံကြည်ခဲ့ကြပါသည်။ အဲန်ရွာ စုစုပေါင်း ၄၀ ဝန်းကျင်သာရှိပြီး အဲန်လူဦးရေမှာ (၅၀၀၀) ဝန်းကျင်ရှိကြောင်းသိရပါသည်။ အဲန်လူမျိုးတို့သည် ဝေးလံခေါင်ဖျားသည့် နေရာများတွင် အများအားဖြင့် နေထိုင်ကြပါသည်။ရွာတစ်ရွာတွင် ရွာသူကြီး ရှိပြီး ခွန်ဆောင်ဟုခေါ်သည့် နတ်ဆရာလည်းရှိပါသည်။ ၎င်းတို့သည် အလှည့်ကျစနစ်နှင့် တာဝန်ထမ်းဆောင် ကြပါ သည်။

တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ဘိုးဘေး ဘီဘင်နတ်များကို ကိုးကွယ်မှုပြုသည့် အဲန်လူမျိုးတို့၏ ရွာများတွင် နတ်ဆရာနှင့် ရွာသူကြီးမှာ ဩဇာတိက္ကမ ကြီးမားသူများဖြစ်ပြီး ရွာတည်ရှိရာ တောင်ထွတ် မြေပြန့်နေရာတွင် ကျယ်ဝန်းသည့် နတ်ကွန်းကို တွေ့ရမည် ဖြစ်သည်။ နတ်ကွန်းဟုဆိုသော်လည်း နတ်ကွန်းအတွင်း နတ်ရုပ်တုမှာ သစ်သားတိုင်တစ်ခု ပုံသဏ္ဍာန်သာဖြစ် သည်။





D/mai than myint

အဲန်လူမျိုးတို့၏ ထူးခြားချက်မှာ ရပ်ရွာအလှူပွဲနှင့် နတ်ပွဲဆိုလျှင် နတ်ဆရာက ရွာသူကြီးထက် အာဏာပိုရှိပြီး နတ်ဆရာတွင် လက်ထောက်(၂)ယောက်၊ သို့မဟုတ် (၁) ယောက်ထားကြသည်။အကြောင်းမှာနတ်ဆရာကွယ်လွန်သွား ခဲ့သော် လက်ထောက်တစ်ယောက်က နတ်ဆရာ၏နေရာကို ပြန်လည်၍ တာဝန်ထမ်းဆောင်ရန် ဖြစ်ပါသည်။ ရွာ၏ နတ်ဆရာအိမ်ထဲတွင် နတ်ဆရာများ ပူဇော်သည့် နတ်ကို ခေါ်ရန် ဗုံအကြီး (၁)လုံး၊ နတ်စင် (၂)ခု ထားရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ၎င်းဗုံအား အကြောင်းမဲ့မတီးရပါ။ နတ်အလှူပွဲ ရှိမှသာလျှင် ရွာတွင်ရှိ သည့် အမျိုးသားသာ တီးရသည်။ အကြောင်းမဲ့ ဗုံတီးမိခဲ့သော် နတ်ကိုပြန်၍ တောင်းပန်ပူဇော်ပသရပါသည်။ နတ်ပူဇော်သည့်အချိန်တွင် ဗုံတီးခြင်းအားဖြင့် မိသားစုထဲတွင် လာဘ်ပွင့်ခြင်း၊ လူချစ်လူခင်ပေါ်များခြင်း ရွာထဲမကောင်းဆိုးဝါးများမဝင်ရောက် နိုင်ခြင်း၊ ရွာထဲတွင် ကလေးမွေးဖွားသည့်အခါ စောင့်ရှောက် ပေးခြင်း၊ ရန်သူများ ၎င်းတို့ကို မတွန်းလှန် နိုင်ခြင်း၊ ဆန်ရေ စပါးတစ်နှစ်စာ ဖူလုံခြင်းစသည်ဖြင့် ယုံကြည်ကြပါသည်။ အဲန်လူမျိုးတို့၏ ထင်ရှားသော ရိုးရာနတ်ပွဲများမှာ တန်ဆောင်မုန်း လဆန်း (၁၂)ရက်နေ့တွင် ကျင်းပသည့်

နတ်ပွဲနှင့် ဆောင်းအကုန် နွေအကူးတွင် အမဲလိုက်ပြီး နတ်ပူဇော်သည့်ပွဲဖြစ်ပါသည်။၎င်းတို့၏ ယုံကြည်ကိုးကွယ် သည့် နတ်အမည်မှာ ဖီမွန်ဟုခေါ်ဆိုပြီး တောတောင် စောင့်နတ်၊ သေသွားသည့် ဘိုးဘေးနတ်များ ဖြစ်ကြပါသည်။ အဲန်လူမျိုး တို့၏ ၈၀ ရာခိုင်နှုန်းမှာ နတ်ကိုးကွယ်ကြပြီး ကျန်သည့် ၂၀ရာခိုင်နှုန်းတွင်ဗုဒ္ဓဘာသာဝင် အနည်းငယ် နှင့် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။

# မှီငြမ်းကိုးကားချက်များ

၁။ မြတ်တိုးဝေ (ပညာရေးတက္ကသိုလ်)ရေးသားသော ဂျိန်းဖော့သွေးချင်းတို့၏ ဘဝအလှ စာအုပ်မှ မှီငြမ်းဖေါ်ပြသည်။

၂။ ယဉ်ကျေးမှုဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ လွိုင်ကော်ဌာနခွဲ၊ ၂၀၁၈ ခုနှစ် မတ်လ(၃၀)ရက်နေ့ထုတ် စာတမ်းမှ ကောက်နုတ် ဖေါ်ပြသည်။

၃။ တနင်္သာရီတိုင်းဒေသကြီး၊ ဒေသခံကရင် တိုင်းရင်းသား များ၏ ရိုးရာဓလေ့ထုံးတမ်း မြေယာစာတမ်းမှ ကောက်နုတ်ဖေါ်ပြသည်။

၄။ ငဖဲမြို့နယ်စာပေယဉ်ကျေးမှုအသင်းမှ ပြုစုပေး ပို့သည်။

၅။ သိန်းထွန်း(မြဝတီ)တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများစာအုပ်

နောန်အောန်မျိုး (ထားဝယ်ရှေးဟောင်းသုတေသီ) ထားဝယ်တိုင်းရင်းသားဓလေ့ထုံးတမ်းများစာအုပ်

❖ Photo From the Internet

၆။ ဘဒ္ဒန္တသီလဝန္တ(မာန်ရွှေငိုး)၏ ဓမ္မဒေသနာ(မွန်ဘာသာ) ကို ဦးမြင့်ဖေမှ ဘာသာပြန်ဆိုသည်။

၇။ ဒိုင်းနက် ခေါ် သက္ကသာဂီ သက္ကမလူမျိုးတို့၏ သမိုင်းအကျဉ်းစာအုပ်မှ ကောက်နှုတ်၍ ဒိုင်းနက် စာပေနှင့် ယဉ်ကျေးမှုအသင်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်မှ ပေးပို့သည်။

၈။ စိုင်းအေးကျော်(တိုင်းလေစာပေနှင့်ယဉ်ကျေးမှု ဥက္ကဌ) မှပြုစုပေးပို့သည်။

၉။ -အဲန်တို့ဘဝ၊ အဲန်တို့အလှရှိရာ ရွာကလေးဆီသို့ မင်းသန့် (Eleven)

-ရိုးရာခလေ့၊ အဲန်လူမျိုး (နန်းဆိုင်နွမ်း)၏ ၁၅-၂-၂၀၁၈နေ့စွဲပါ ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြ သည်။